The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

### ယောက်ျားအာဇာနည်

ယောက်ျားအာဇာနည်မျိုးသည် ဖြစ်ထွန်းပေါ်ပေါက်နိုင်ခဲ၏။ ထိုယောက်ျားအာဇာနည်မျိုးသည် ခပ်သိမ်းသော အရပ်ဒေသ၊ ခပ်သိမ်းသော အမျိုးအနွယ်တို့၌ မဖြစ်ထွန်းနိုင်၊ ပညာရှိသော အာဇာနည်ယောက်ျားမျိုးသည် အကြင်အမျိုးအနွယ်၌ ဖြစ်၏။ ထိုအမျိုးအနွယ်သည် ချမ်းသာခြင်းသို့ ရောက်၏။

ဗုဒ္ဓဝင်(ဓမ္မပဒ-၁၉၃)

၁၃၇၉ ခုနှစ် ဝါဆိုလပြည့်ကျော် ၂ ရက် တနင်္လာနေ့။ Monday, 10 July 2017 (၈၉၈၁)

# နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် ဇူလိုင် ၉**

၂၀၁၇ ခုနှစ် နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်ဗိမာန်ရှိ ကွပ်ကဲရေးရုံး၌ ကျင်းပရာ ၂၀၁၇ ခုနှစ် နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက အာဇာနည်နေ့သည် လွတ်လပ်ရေးအတွက် အသက်ပေးခဲ့သည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကျဆုံးခဲ့သည့် ခေါင်းဆောင်ကြီးများကို အမြဲတမ်းအမှတ်ရစေရန် အာဇာနည်နေ့အခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း၊ လွတ်လပ်ရေးသည် အသက်

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ✻**



နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ အမှာစကားပြောကြားစဉ်။




# YBS ယာဉ်လိုင်းများတွင် ငွေထည့်သည့်ပုံးများ တပ်ဆင်ရမည်ဟု ညွှန်ကြားထား

**ရန်ကုန် ဇူလိုင် ၉**

YBS ယာဉ်လိုင်းများအားလုံးတွင် စီးနင်းသူခရီးသည်ကိုယ်တိုင် ယာဉ်စီးခကို ကိုယ်တိုင်ထည့်သွင်းရသည့် ငွေထည့်ပုံး (Cash Box) များကို တပ်ဆင်ဆောင်ရွက်ရမည်ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့က ညွှန်ကြားထားကြောင်း သိရသည်။

**ငွေကိုအပြည့်မပေးဘဲ လျှော့ပေးတာ၊ အစုတ်တွေပေးသွားတာရှိတယ်။ နောက်ပိုင်းတော့ လျော့သွားမှာပါ။ လောလောဆယ်တော့ ငွေထည့်ပုံးစနစ်အပေါ် စိုးရိမ်မှုလေး တွေရှိနေ။**

ခရီးသည်တင်ယာဉ်လိုင်းများတွင် စီးနင်းသူခရီးသည်ကိုယ်တိုင် ကျသင့်သည့်ယာဉ်စီးခကို ငွေထည့်ပုံးထဲသို့ ကိုယ်တိုင်ထည့်သွင်းစီးနင်းသည့်စနစ်ကို ဆောင်ရွက်သွားနိုင်ရန်အတွက် YBS ယာဉ်လိုင်းများအားလုံးတွင် ငွေထည့်ပုံးများကို တပ်ဆင်ရမည်ဟု ဇူလိုင် ၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပခဲ့သည့် YBS ယာဉ်လိုင်းများ အထူးအစည်းအဝေးပွဲ၌တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ညွှန်ကြားခဲ့ခြင်းဖြစ်ကြောင်း ယာဉ်လိုင်းတာဝန်ရှိသူများထံမှ သိရသည်။

"ကျွန်တော်တို့ ယာဉ်လိုင်းအနေနဲ့ကတော့ YBS မစတင်ခင်ကတည်းက ယာဉ်နောက်လိုက်ကို မထားတော့တဲ့စနစ်ကို ကြိုးစားဆောင်ရွက်ခဲ့ပါတယ်။ ငွေထည့်ပုံး (Cash Box) တွေ

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

အသက်ပေါင်းများစွာပိုင်ဆိုင်သည့် ယာဉ်မောင်းများ
စာမျက်နှာ - ၆

ရန်ကုန်တက္ကသိုလ်၌ ကျောင်းသားသမဂ္ဂရုံးခန်း ဖွင့်လှစ်၊ သမဂ္ဂ၏လုပ်ဆောင်ချက်များကို ကန့်သတ်မှု မရှိဘဲ လုပ်ဆောင်နိုင်ကြောင်း ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်း ပြောကြား
စာမျက်နှာ - ၇

ကျွန်ရုပ်ရှင်ဇာတ်ကားနှင့်စပ်လျဉ်း၍ ရုပ်ရှင်ပိုင်းဆိုင်ရာ တာဝန်ရှိသူများက ပုဂံဒေသခံပြည်သူများကို တောင်းပန်ပွဲအခမ်းအနား ညောင်ဦး၌ ကျင်းပ
စာမျက်နှာ - ၉

ရန်ကုန်မြို့တွင် အဆင့်မြင့်စက်မှုနည်းပညာ သင်တန်းကျောင်းဖွင့်လှစ်မည်
စာမျက်နှာ - ၁၀



ကြေးမုံ

## ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလွှမ်းခြုံ

ပြည်သူလူထုကျန်းမာရေးကို တစ်နိုင်ငံလုံးလွှမ်းခြုံဆောင်ရွက်ပေးရေးမှာ ကာလရှည်ကြာစွာဖြစ်ပေါ်နေသော အခက်အခဲတစ်ခုဖြစ်သည်။ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ဆရာဝန်၊ သူနာပြုများမှာ အဓိကအားထားရသောပုဂ္ဂိုလ်များဖြစ်ပြီး မြို့ပြဒေသများရှိ ဆေးရုံ၊ ဆေးပေးခန်းများတွင် ဆရာဝန်၊ သူနာပြုပြည့်စုံမှုရှိကြသော်လည်း ကျေးလက်ဒေသဝေးလံသောမြို့နယ်များတွင် လိုအပ်ချက်များရှိနေသည်။

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် နိုင်ငံတော်က ဆရာဝန်၊ သူနာပြုများအား နှစ်စဉ် မွေးထုတ်ပေးလျက်ရှိသော်လည်း ဆေးပညာသင်ယူပြီးသော ဆရာဝန်လောင်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ရာတွင် ကျေးလက်ဒေသများတွင် သွားရောက်တာဝန်ထမ်းဆောင်ခြင်းထက် မြို့ပြဆေးရုံများတွင် တာဝန်ထမ်းဆောင်ကြခြင်း၊ အမှုထမ်းအဖြစ်မဆောင်ရွက်ကြသော ဆရာဝန်လောင်းများအနေဖြင့် မြို့ပြဒေသပြင်ပဆေးခန်းများတွင် လုပ်ကိုင်ကြခြင်း၊ အချို့လည်း ဆရာဝန်အလုပ်ကိုမလုပ်ကိုင်တော့ဘဲ အခြားအလုပ်များလုပ်ကိုင်ကြခြင်း စသည့်အကြောင်းကြောင်းတို့ကြောင့် ပြည်သူလူထုကျန်းမာရေးကို အပြည့်အဝလွှမ်းခြုံဆောင်ရွက်နိုင်ခြင်း မရှိခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

နိုင်ငံတော်က ဆေးပညာများကိုသင်ယူခွင့်ပြုရာတွင် အမျိုးသား၊ အမျိုးသမီးခွဲခြားမှုမရှိဘဲ ပညာသင်ယူခွင့်ပြုခဲ့ရာ အမျိုးသား ၂၀ ရာခိုင်နှုန်း၊ အမျိုးသမီး ၈၀ ရာခိုင်နှုန်းဖြင့် ကျား/မ အချိုးအစား ကွာခြားချက်များနေသည်ကိုတွေ့ရသည်။ ထိုသို့ ကွာဟချက်မြင့်မားသောကြောင့် အမျိုးသားဆရာဝန်များသာ တာဝန်ထမ်းဆောင်ရန်သင့်လျော်သည့် ဝေးလံသောဒေသများမှ ဆေးရုံများတွင် ဆရာဝန်လိုအပ်ချက်ရှိနေသည်ဟုဆိုနိုင်သည်။ ထို့ကြောင့် တက္ကသိုလ်ဝင်ခွင့်အမှတ်စာရင်းကို ၂၀၁၂ ခုနှစ်မှစတင်၍ အမျိုးသား၊ အမျိုးသမီး ခွဲခြားသတ်မှတ်ထားသောကြောင့် နောင်တစ်ချိန်တွင် ဆရာဝန်ကျား/မ အချိုးမျှတကာ နိုင်ငံတစ်ဝန်းလွှမ်းခြုံတာဝန်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ဝေးလံသောဒေသများနှင့် နယ်မြို့နယ်တွင် ဆရာဝန်လိုအပ်ချက်ရှိသော်လည်း ကျန်းမာရေးမှူးနှင့် သူနာပြုလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်လျှင်ပင် အတန်အသင့်ပြေလည်နိုင်သည်။ ကျေးလက်များအတွက် သားဖွားသူနာပြုများနှင့် အကူသူနာပြုများမှာ အသုံးဝင်သဖြင့် စေတနာ၊ ဝါသနာ၊ အနစ်နာခံဆောင်ရွက်လိုသော ဒေသခံများအား လျှော့ပေါ့စဉ်းစားကာ ပိုမိုသင်ကြားပျိုးထောင်မွေးထုတ်ပေးဖို့ လိုအပ်မည်ဟု ယူဆသည်။ ကျန်းမာရေးဝန်ထမ်းများသည် ပါရမီအခံရှိပြီး အတွေ့အကြုံကောင်းများရှိပါက ကျေးလက်ဒေသများအတွက် များစွာအထောက်အကူပြုနိုင်သည်။ ကျေးလက်ဒေသများတွင် သားဖွားသင်တန်းကျောင်းများရှိပြီးဖြစ်သော်လည်း အကူသူနာပြုများမွေးထုတ်ပေးနိုင်ရန်လည်း လိုအပ်သည်။

ကျန်းမာရေးဝန်ထမ်းများအတွက် အခြားအရေးကြီးသောအချက်မှာ အခွင့်အရေးနှင့်ရပိုင်ခွင့်များဖြစ်သည်။ ကျန်းမာရေးဝန်ထမ်းများမှာ နိုင်ငံ့ဝန်ထမ်းကျွမ်းကျင်သူပညာရှင်များဖြစ်ကြပြီး ဒေသမရွေးသွားရောက်လုပ်ကိုင်နိုင်သူများဖြစ်သင့်သည်။ ဝေးလံသောဒေသများတွင် တာဝန်ထမ်းဆောင်သူများဖြစ်ပါက အခွင့်အရေးနှင့် ခံစားခွင့်များ ထူးခြားစွာရရှိသင့်သည်။ ဆရာဝန်များ၊ သူနာပြုများ တိုင်းပြည်နှင့်လူမျိုးကို အလုပ်အကျွေးမပြုနိုင်ဘဲ ဝင်ငွေကောင်းသည့် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နေကြသည်ကို သတိပြုသင့်သည်။

ကျန်းမာရေးဝန်ထမ်းများမှာ အချိန်မရွေး၊ ဒေသမရွေး တာဝန်ထမ်းဆောင်ရမည့်သူများဖြစ်၍ မြို့ပြဒေသများရှိ နိုင်ငံ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းဥပဒေအရ တစ်ပြေးညီဖြစ်နေသည်ကို သတိမူပြုပြင်ဆောင်ရွက်သင့်သည်။ ဆရာဝန်လောက၊ သူနာပြုလောကတို့ကို ပြုပြင်ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလွှမ်းခြုံဆောင်ရွက်ပေးနိုင်သလို နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍပုံရိပ်ကိုမြှင့်တင်ပေးရာလည်းရောက်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က လူငယ်လူရွယ်များအား ဆေးပညာများသင်ကြားပေးလိုက်ခြင်းသည် နိုင်ငံ့ကျန်းမာရေးကဏ္ဍ မြင့်မားရေးနှင့် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ရေးဦးတည်ချက်ဖြစ်ပြီး အဆိုပါဦးတည်ချက် အထမြောက်အောင်မြင်စေရန်အတွက် ကျန်းမာရေးဝန်ထမ်းများအားလုံးတို့အား ဖြေလျှော့ဆောင်ရွက်ပေးရေး၊ ဖြည့်ဆည်းဆောင်ရွက်ပေးရေးတို့ကို အလေးအနက်ထားဆောင်ရွက်ပေးသင့်သည်ဟု ရှုမြင်ပါသည်။ ။

## ဒုတိယအကြိမ် ရေတံခွန်တောင်တက်စက်ဘီးစီးပြိုင်ပွဲနှင့် တောင်အဆင်းလမ်းကြမ်းပြိုင်ပွဲကျင်းပ

**မန္တလေး ဇူလိုင် ၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် နှင့် MFR (Mandalay Free Rider) စက်ဘီးစီးအဖွဲ့တို့မှ ဦးစီးကျင်းပသော ဒုတိယအကြိမ် ရေတံခွန်တောင်တက် (Mountain Bike)စက်ဘီးစီးပြိုင်ပွဲနှင့် တောင်အဆင်းလမ်းကြမ်း (Downhill) ပြိုင်ပွဲကို ယနေ့ နံနက် ၆ နာရီက ချမ်းအေးသာစံမြို့နယ် (၇၈)လမ်း ဒိုင်းမွန်းပလာဇာရှေ့၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း တက်ရောက်ပြီး ပြိုင်ပွဲကို သေနတ်ပစ်ဖောက်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်စက်ဘီးသမားများသည် ချမ်းအေးသာစံမြို့နယ် (၇၈)လမ်း ဒိုင်းမွန်းပလာဇာရှေ့မှ (၂၆)လမ်း၊ ၎င်းမှ လမ်း(၈၀)၊ ၎င်းမှ (၁၂)လမ်း၊ ၎င်းမှ (၆၆)လမ်း နန်းရှေ့အထိ၊ ၎င်းမှ (၁၉)လမ်းအတိုင်း ရန်ကင်းတောင်ခြေ တောင်ဘက်ပတ်လမ်း၊ MIT ကျောင်း ဖြတ်မြေလမ်းမှ ရေတံခွန်တောင်တက် ထူးမဘုန်းကြီးကျောင်းသို့ ပန်းဝင်ကြသည်။ တောင်အဆင်းလမ်းကြမ်းပြိုင်ပွဲကိုလည်း ရေတံခွန်တောင်ဘေး နေကာတောင်၌ ကျင်းပရာ ထိုင်းနိုင်ငံမှ စက်ဘီး



သမားများ၊ စက်ဘီးဝါသနာရှင်လူငယ်များ ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲတွင် အသက်(၂၅)နှစ်အောက်၊ အသက် (၂၅)နှစ်မှ (၃၅)နှစ်၊ အသက် (၃၅) နှစ်မှ (၄၅)နှစ်၊ အသက် (၄၅)နှစ်မှ (၆၀)၊ အသက်(၆၀) အထက်အတန်းများ သတ်မှတ်ထားပြီး ပထမဆု ကျပ်နှစ်သိန်း၊ ဒုတိယဆု ကျပ်တစ်သိန်းခွဲ၊ တတိယဆု ကျပ်တစ်သိန်း၊ စတုတ္ထဆု ကျပ်ခုနစ်သောင်း၊ ပဉ္စမဆု ကျပ်ငါးသောင်းနှင့် အဆင့် ၆ မှ ၁၀ ပန်းဝင်သူများအား ကျပ်တစ်သောင်းစီ ဆုများချီးမြှင့်သည်။ တောင်အဆင်း လမ်းကြမ်းပြိုင်ပွဲ Elite တန်းတွင် ပထမဆု ကျပ်နှစ်သိန်း၊ ဒုတိယဆု ကျပ်တစ်သိန်းခွဲ၊ တတိယဆု ကျပ်တစ်သိန်း၊ Master တန်းတွင် ပထမဆု ကျပ်တစ်သိန်းခွဲ၊ ဒုတိယဆု ကျပ်တစ်သိန်း၊ တတိယဆု ကျပ် ခုနစ်သောင်း၊ Beginner တန်းတွင် ပထမဆု ကျပ်တစ်သိန်း၊ ဒုတိယဆု ကျပ်ခုနစ်သောင်း၊ တတိယဆု ကျပ်ငါးသောင်း ချီးမြှင့်သည်။ ပြိုင်ပွဲတွင် စက်ဘီးစီးအားကစားသမား ၂၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**သီဟကိုကို(မန်း)**

## ပန်းချီဆရာကြီးဦးဘဉာဏ် နှစ်(၁၂၀)ပြည့် အထိမ်းအမှတ် ပန်းချီပြပွဲ အမျိုးသားပြတိုက်( ရန်ကုန် )တွင် ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၉**

မြန်မာ့ပန်းချီလောက၏ဖခင်ကြီး ပန်းချီဆရာကြီး ဦးဘဉာဏ် နှစ်(၁၂၀) ပြည့်အထိမ်းအမှတ် ကြေးသွန်းရုပ်တုထားရှိရေးနှင့် အခမ်းအနားကျင်းပနိုင်ရေးအတွက် တစ်နိုင်ငံလုံးပါဝင်သော ရန်ပုံငွေ ပန်းချီပြပွဲကြီးကို အမျိုးသားပြတိုက်(ရန်ကုန်)၌ ဇူလိုင် ၂၅ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။



အဆိုပါ ပန်းချီပြပွဲတွင် ပန်းချီဆရာကြီး ဒေါက်တာဦးလွန်းကြွယ်နှင့် ဆရာကြီး ပန်းချီလှတင်ထွန်းတို့က ဆရာကြီးဦးဘဉာဏ်၏ ဘဝဖြစ်စဉ်နှင့် အနုပညာခရီးစာတမ်းများကို ဂုဏ်ပြုဖတ်ကြားကြမည်ဖြစ်သည်။ ယင်းပန်းချီပြပွဲအတွင်း ရောင်းချရသည့် ပန်းချီကားများရောင်းရငွေမှ ၅၀ ရာခိုင်နှုန်းကို ဆရာကြီးကြေးရုပ် နှစ်ရုပ်ထားရှိနိုင်ရေး၊ ဆရာကြီးကွယ်လွန်သည့် မော်လမြိုင်မြို့နယ် ကတိုးကော့နပ်ကျေးရွာရှိ မန်းကျောင်း၌ သံဃာတော်များအား အမှတ်တရဆွမ်းကပ်လှူဒါန်းရေး၊ အထိမ်းအမှတ်အခမ်းအနားဆောင်ရွက်နိုင်ရေးအတွက် လှူဒါန်းသွားမည်ဖြစ်သည်။

ပထမအကြိမ်လှူဒါန်းငွေ ၂၂ သိန်းကျော်၊ ဒုတိယအကြိမ် ကျပ်သိန်း ၅၀၊ အလှူရှင် ဦးဝင်းအောင်သူ(WIN Myanmar Painting Corner)နှင့် ပန်းချီဆရာကြီး ဦးလွန်းကြွယ် လှူဒါန်းငွေကျပ် ၁၀ သိန်း၊ Artist Life Art Gallery မှ ဦးလွန်းသစ် လှူဒါန်းငွေကျပ် ငါးသိန်းအပါအဝင် အနယ်အနယ်အရပ်ရပ်မှ ပန်းချီပညာရှင်များ၊ ပန်းချီမြတ်နိုးသူများ၏ အလှူငွေများကိုလည်း စုပေါင်းထည့်ဝင်လှူဒါန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ပန်းချီဖခင်ကြီး ပန်းချီဆရာကြီး ဦးဘဉာဏ်အမှတ်တရ ဆွမ်းကပ်လှူဒါန်းခြင်းနှင့် အုတ်ဂူပြင်ဆင်ခြင်းလုပ်ငန်းများကို ယမန်နှစ်က ကတိုးကော့နပ်ကျေးရွာတွင် အကြိုပြုလုပ်ကျင်းပခဲ့ပြီး ယခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံးရှိ ပန်းချီပညာရှင်များ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားပြတိုက်(ရန်ကုန်)၌ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ ပြပွဲအတွက် ပန်းချီကားများကို ဇူလိုင် ၂၃ ရက်တွင် အမျိုးသားပြတိုက်(ရန်ကုန်)သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ဆရာကြီး၏လက်ရာမွန် ပန်းချီကားများကိုလည်း ထိုပြပွဲကြီးတွင် တခမ်းတနား ချိတ်ဆွဲပြသသွားမည်ဖြစ်ကြောင်း ပြပွဲကျင်းပရေးဦးစီးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပန်းချီ ကိုမောင်ကျော်သန်း ဖုန်း -၀၉ ၄၃၀၆၆၈၂၇၊ ပန်းချီ ဦးဘုန်းနိုင် ဖုန်း -၀၉ ၉၆၀၀၀၇၀၄၆၊ ပန်းချီ နီပိုဦး ဖုန်း- ၀၉ ၉၇၁၂၅၀၀၀၁၊ ပန်းချီ မောင်ကျော်ခေါင် ဖုန်း- ၀၉ ၇၉၅၇၃၄၃၈၄ တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

## ပမုံ-ခိုနန်း ကျေးရွာချင်းဆက် သံကျောက်ခင်းလမ်းသစ် ဖွင့်ပွဲကျင်းပ

**ဗန်းမောက် ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်းဖြင့် ကျေးရွာချင်းဆက် သံကျောက်ခင်းလမ်းသစ်ဖွင့်ပွဲကို ဇူလိုင် ၇ ရက် မွန်းလွဲ ၂ နာရီခွဲက အဆိုပါမဏ္ဍပ်ရှေ့၌ကျင်းပရာ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဌေး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်နန်းနှင့် ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်ခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါလမ်းမှာ မြို့နယ်လူထုဗဟိုပြုစီမံကိန်းနှင့်ဒေသခံပြည်သူများပူးပေါင်းပြီး လူထုဗဟိုပြုစီမံကိန်းမှ ခွင့်ပြုငွေကျပ် ၅၀၈၉၈၀၀ ဖြင့် တည်ဆောက်ခဲ့သည့် လမ်းအရှည် ၂၈၂၀၊ လမ်းအကျယ် ၁၂ ပေနှင့် အမြင့် ၉ လက်မရှိသော သံကျောက်ခင်းလမ်းသစ်ဖြစ်ကြောင်း သိရသည်။

**ကျော်စွာ(ဗန်းမောက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ရှုံးရှုံးနိုင်နိုင် မလျှော့တမ်းလုပ်ဖို့ တိတိလင်းလင်းသတိပေးခဲ့မယ်

ကိုယ်လိုချင်တဲ့ပန်းတိုင်ရောက်အောင် လုံ့လဝီရိယဖြင့် ကြိုးစားအားထုတ်လုပ်ကိုင်ဖို့လိုတယ်။ ဗမာရဲ့စိတ်ဓာတ်ဟာ ကျွန်တိုင်းပြည်ဖြစ်သည့်အတိုင်း ပုသိမ်ဘက် လှေပြိုင်ပွဲတစ်ပွဲမှာ မြင်တွေ့ရသလို လှေတစ်စင်းကို အနည်းငယ်နိုင်လိုက်၍ ပန်းတိုင်သို့မဝင်ရသေးခင် လော်တက်ကိုမြှောက်သလို ဗမာ့စိတ်ဓာတ်ဟာ အောင်မြင်ခြင်းသို့မရောက်ခင် စိတ်ဓာတ်လျှော့ပေါ့တတ်မှုရှိတယ်။ ဒီလိုစိတ်မထားဘဲ ရှုံးရှုံးနိုင်နိုင် မလျှော့တမ်းလုပ်ဖို့ တိတိလင်းလင်းသတိပေးခဲ့မယ်။

*(၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့၊ ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံရှေ့ မြို့တော်ခန်းမဆောင်အထက်မှ ဗိုလ်ချုပ်အောင်ဆန်း နောက်ဆုံးပြောကြားသောမိန့်ခွန်းမှ ကောက်နုတ်ချက်)*



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ပြည်သူ့ဆန္ဒအမှန်သိရှိရေးနှင့် အစိုးရနှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်ရေး ဒေသခံတိုင်းရင်းသားများနှင့်တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၉**

ရခိုင်ပြည်နယ်၌ ရောက်ရှိနေသည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းတွင် ကျောက်တော်မြို့ မဟာမုနိဘုရားကြီးသို့ သွားရောက်ဖူးမြော်ကာ အလှူငွေများလှူဒါန်းပြီး မြောက်ဦးမြို့နယ် တိန်ညိုရွာ ဘုန်းတော်ကြီးကျောင်း၊ နရမ်းကျေးရွာဘုန်းတော်ကြီးကျောင်းနှင့် မင်းပြားမြို့နယ် ခေါင်းလောင်းရွာသစ် ကျေးရွာဘုန်းတော်ကြီးကျောင်း၊ ကျောက်တော်မြို့နယ် သရက်တပင်ကျေးရွာဘုန်းတော်ကြီးကျောင်းနှင့် စစ်တွေမြို့နယ် စက်ရုံစုရပ်ကွက် ဓမ္မာရာမဘုန်းတော်ကြီးကျောင်းများတွင် ဝါဆိုသင်္ကန်းများနှင့် ဝတ္ထုငွေများဆက်ကပ်လှူဒါန်းခဲ့သည်။



ကျောက်တော်မြို့နယ် သရက်တပင်ကျေးရွာနှင့် အပေါက်ဝကျေးရွာများသို့ ရောက်ရှိစဉ် ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံ၍ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် ပြည်သူ့ထံသို့ အရောက်လာပြီး ပြည်သူများ၏ဆန္ဒအမှန်၊ ပြည်သူ့အသံများ နားထောင်ကာ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် ဖြစ်ပါကြောင်း ပြောကြားပြီး ဒေသခံတိုင်းရင်းသားများ၏ ဆွေးနွေးတင်ပြမှုအပေါ် ချက်ချင်းဆောင်ရွက်ပေးနိုင်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ရာ မြောက်ဦးခရိုင်အတွင်း မြို့နယ်လေးမြို့နယ်မှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များ အသုံးပြုရန် ငွေကျပ်သိန်း ၂၀ တန်ဖိုးရှိ အသက်ကယ်အင်္ကျီအထည် ၂၀၀၊ သရက်တပင်အထက်တန်းကျောင်း ခြံစည်းရိုးအရေးပေါ်ပြုပြင်ကာရံခြင်းအတွက် ငွေကျပ်သိန်း ၂၀၊ သဘာဝဘေးကြောင့် ပျက်စီးသွားသော သရက်တပင် ဘုန်းတော်ကြီးကျောင်း ဆွမ်းစားဆောင်ပြုပြင်ရန်အတွက် မတည်ငွေကျပ် ငါးသိန်း၊ သရက်တပင်ကျေးရွာအုပ်စုနှင့် အပေါက်ဝကျေးရွာအုပ်စုတို့အတွက် သဘာဝဘေးဖြစ်စဉ်များတွင် ရှာဖွေကယ်ဆယ်ရေးအတွက် အသုံးပြုနိုင်ရန် ငွေကျပ် ၄၄ သိန်းတန်ဖိုးရှိ ဖိုက်ဘာစက်တပ်လှေနှစ်စင်းထောက်ပံ့ခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စစ်တွေမြို့ မရမာကြီး တိုင်းရင်းသားများ ကယ်ဆယ်ရေးစခန်းသို့ရောက်ရှိပြီး စခန်းတာဝန်ခံများ၊ စခန်းတွင်နေထိုင်သူများနှင့် တွေ့ဆုံကာ ၎င်းတို့၏ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေး၊ အသက်မွေးဝမ်းကျောင်းနှင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိရေးတို့အတွက် ဆွေးနွေးခဲ့ပြီး အရေးပေါ်လိုအပ်နေသော နေအိမ်သုံးမီတာပုံးများ တပ်ဆင်ပေးရေးအတွက် ငွေကျပ် ၇၂ သိန်း ထောက်ပံ့ခဲ့သည်။

ထို့အပြင် စခန်းနေပြည်သူများအတွက် အဝတ်အထည်များ၊ ကလေးငယ်များတွက် စားစရာများနှင့် ကစားစရာအရုပ်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■

## အာဆီယံ ယူ-၁၅ ပြိုင်ပွဲ အဖွင့်ပွဲတွင် မြန်မာအသင်း သရေကျ

**ရန်ကုန် ဇူလိုင် ၉**

၂၀၁၇ အာဆီယံ ယူ-၁၅ ပြိုင်ပွဲ အုပ်စုပထမနေ့ကို ယနေ့ညနေပိုင်းက ထိုင်းနိုင်ငံ ချောင်ဘူရီမြို့၌ ကျင်းပရာ မြန်မာအသင်း သရေပွဲကြုံတွေ့ခဲ့သည်။

မြန်မာအသင်းသည် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး နှစ်ဂိုးစီ သရေကျခဲ့သည်။ မြန်မာအသင်းသည် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရနေသော်လည်း ပွဲပြီးခါနီးတွင် ပေးလိုက်ရသည့်ဂိုးကြောင့် သရေကျခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် အုပ်စု(က)၌ ဩစတြေးလျ၊ ထိုင်း၊ အင်ဒိုနီးရှား၊ လာအို၊ စင်ကာပူတို့နှင့် ကျရောက်နေပြီး ဒုတိယပွဲအဖြစ် ဇူလိုင် ၁၁ ရက်တွင် လာအိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(ရဲရင့်ရှိန်း)**

**✱ ရှေ့ဖုံးမှ**

သွေးချွေးများကို စတေးပြီးမှ ခက်ခက်ခဲခဲရရှိခဲ့ခြင်းဖြစ်ပါကြောင်း၊ လွတ်လပ်ရေးရရှိရန် အသက်ပေးခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများအား နောင်လာနောက်သားများသိရှိစေရန် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ လွတ်လပ်ရေးအတွက် အသက်ပေးခဲ့ကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို မမေ့မလျော့စေရန်နှင့် နောင်လာနောက်သားများ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်စေရန်ရည်ရွယ်၍ အာဇာနည်နေ့အခမ်းအနားကို နှစ်စဉ်ကျင်းပနေခြင်းဖြစ်ပါကြောင်း။

၂၀၁၇ ခုနှစ် နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီကို နိုင်ငံတော်သမ္မတရုံး၏ ဇွန်လ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၄၉/၂၀၁၇)ဖြင့် အဖွဲ့ဝင် ၁၈ ဦးဖြင့်လည်းကောင်း၊ လုပ်ငန်းကော်မတီကို အဖွဲ့ဝင် ၂၆ ဦး ဖြင့်လည်းကောင်းဖွဲ့စည်းခဲ့ပါကြောင်း၊ ပထမအကြိမ်အစည်းအဝေးကို ဇွန် ၁၆ ရက်က နေပြည်တော်တွင် ကျင်းပခဲ့ပြီး ဆပ်ကော်မတီရှစ်ခုဖွဲ့စည်းကာ ဆုံးဖြတ်ချက် (၂၂)ချက် ချမှတ်ခဲ့ပါကြောင်း၊ ဇွန် ၂၅ ရက်က ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်နေအိမ်ပြတိုက်နှင့် အတွင်းဝန်ရုံးနေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့စဉ် ဆောင်ရွက်ရန် အချက်(၁၀)ချက် သတ်မှတ်ခဲ့ကြောင်း၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်အတွက် ယနေ့အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အကြံပြုဆွေးနွေးကြရန် ပြောကြားသည်။

ယင်းနောက် ၂၀၁၇ ခုနှစ် နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ၂၀၁၇ ခုနှစ် နှစ်(၇၀)ပြည့် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် လုံခြုံရေးကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးတို့က အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အခမ်းအနားပြင်ဆင်ရေးနှင့် စီစဉ်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေး၊ ပြန်ကြားရေးနှင့် မှတ်တမ်းပြုစုရေး ဆပ်ကော်မတီ၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် ပြသရေးဆပ်ကော်မတီ၊ လွမ်းသူ့ပန်းခွေချ အလေးပြုအခမ်းအနား စီစဉ်ရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ စည်းကမ်းထိန်းသိမ်းရေးဆပ်ကော်မတီ၊ ဆွမ်းဆက်ကပ်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီနှင့် အတွင်းဝန်ရုံး(ယခင် ဝန်ကြီးများရုံး) အလံတင်အခမ်းအနားကျင်းပရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ထားရှိမှုအခြေအနေများကို ဒုတိယသမ္မတအား ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**(သတင်းစဉ်)**

**✱ YBS မှ**

ထားတာတော့မဟုတ်ပါဘူး။ ခြင်းလေးတွေ ထားပေးထားတာပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ရဲ့ ခရီးသည်တွေနဲ့ ယာဉ်မောင်းတွေက ယာဉ်စီးခကို ကိုယ်တိုင်ပုံးထဲထည့်တဲ့စနစ်နဲ့ အသားမကျသေးလို့ပါ။ ယာဉ်စီးခ ၂၀၀ ကျမယ်ဆိုရင် အကြွေ ၂၀၀ ကိုင်စီးတာ အလေ့အကျင့်မရှိသေးတော့ အကြွေမပါတာမျိုးဆိုရင် ပြန်အမ်းနိုင်အောင်လို့ ဆိုပြီး ခြင်းလေးတွေပဲ ထားပေးထားတာပါ။ နောက်ပိုင်း အလေ့အကျင့်တွေဖြစ်သွားရင် Cash Box တွေ ထားသွားမယ်ဆိုတဲ့ ရည်ရွယ်ချက်ရှိပါတယ်။ အခု အစိုးရက Cash Box တွေ ထားပါဆိုတော့ ကျွန်တော်တို့ ယာဉ်လိုင်းအတွက် အခက်အခဲမရှိပါဘူး။ ဒီ Cash Box တစ်လုံးရဲ့ ကုန်ကျစရိတ်ကလည်း ကျပ်နှစ်သောင်းကနေ တစ်သိန်းကျော်လောက်ဆိုတော့ အဆင်ပြေတဲ့ ပမာဏပါပဲ”ဟု YBS ၂၀ ယာဉ်လိုင်းကို ပြေးဆွဲပေးနေသည့် ပါဝါအလဲဗင်း ပုဂ္ဂလိက ယာဉ်လိုင်းကုမ္ပဏီမှ တာဝန်ရှိသူ ကိုတရုတ်လေးက ပြောသည်။

လက်ရှိ YBS ယာဉ်လိုင်းများတွင် ယာဉ်နောက်လိုက်မထားရှိဘဲ ခရီးသည်ကိုယ်တိုင် ယာဉ်စီးခကို ငွေထည့်ပုံးထဲသို့ ထည့်သွင်းစီးနင်းသည့်စနစ်ကို ဆောင်ရွက်နေသည့် ယာဉ်လိုင်းများ ပိုမိုများပြားလာပြီး YBS စနစ်၏ အပြောင်းအလဲတစ်ခုအနေဖြင့် ယာဉ်နောက်လိုက်မပါဘဲ ဝန်ဆောင်မှုပေးလာသည်ကို ပိုမိုစိတ်ဝင်စားလာကြောင်း ယာဉ်လိုင်းများထံမှ သိရသည်။ သို့ရာတွင် ယာဉ်စီးခကို အတိအကျပေးအပ်နိုင်ရန် ငွေအကြွေဆောင်ကာ စီးနင်းသည့် အလေ့အထအားနည်းနေသောကြောင့် ယာဉ်လိုင်းအချို့မှာ အဆိုပါစနစ်ကို ပြောင်းလဲလိုသော်လည်း စိုးရိမ်ပူပန်မှုများရှိနေကြကြောင်း ယာဉ်လိုင်းတာဝန်ခံများထံမှ သိရသည်။

“နိုင်ငံခြားမှာလို ကတ်စနစ်နဲ့ ငွေပေးစနစ်ကို လုပ်နိုင်ရင် အကောင်းဆုံးပါပဲ။ ဒါပေမယ့် ဒီစနစ်စတင်နိုင်ဖို့က အချိန်တစ်ခုပေးရဦးမှာဆိုတော့ အခုငွေထည့်ပုံးတွေတပ်ပြီး ယာဉ်နောက်လိုက်မပါတဲ့စနစ်ကို တချို့ယာဉ်လိုင်းတွေ လုပ်လာကြတယ်။ ခရီးသည်တွေကိုယ်တိုင်လည်း ယာဉ်နောက်လိုက်နဲ့ စကားမများရဘဲ စိတ်ချမ်းချမ်းသာသာ စီးရတာကို သဘောကျလာတာတွေ့ရတယ်။ ဒါပေမယ့် တချို့မှာ ငွေအကြွေပြဿနာရှိတယ်။ ဥပမာ ဘတ်စ်ကားခ ၂၀၀ ကျရင် ၂၀၀ တန် ကိုင်စီးတဲ့ အလေ့အထမရှိသေးတာမျိုးတွေရှိနေတယ်။ ငွေပြန်အမ်းရမှာမျိုးတွေပေါ့။ တချို့ကလည်း ငွေကို အပြည့်မပေးဘဲ လျှော့ပေးတာ၊ အစုတ်တွေ ပေးသွားတာရှိတယ်။ ဒါမျိုး နောက်ပိုင်းတော့ လျော့သွားမှာပါ။ ဒါပေမယ့် လောလောဆယ်တော့ ယာဉ်ပိုင်ရှင်တချို့က ငွေထည့်ပုံးစနစ်အပေါ် စိုးရိမ်မှုလေးတွေ ရှိနေတာပေါ့။ ခရီးသည်တွေရဲ့ ပူးပေါင်းဆောင်ရွက်မှု လိုပါတယ်။ ယာဉ်မောင်းတွေရဲ့ အလေ့အကျင့် ဆက်ဆံမှုပုံစံတွေလည်း ပြောင်းလဲဖို့ လိုပါတယ်” ဟု ပုဂ္ဂလိကအများပိုင်ယာဉ်လိုင်းတစ်ခုမှ ယာဉ်လိုင်းတာဝန်ခံတစ်ဦးက ပြောသည်။

ယင်းသို့ YBS ယာဉ်လိုင်းများအားလုံးတွင် ငွေထည့်ပုံး (Cash Box) များ တပ်ဆင်အသုံးပြုဆောင်ရွက်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့က ညွှန်ကြားထားပြီး ခရီးသည်တင်ယာဉ်များအားလုံးတွင် ငွေထည့်ပုံးများ တပ်ဆင်ဆောင်ရွက်သွားမည့် အစီအစဉ်ကို ဇူလိုင် ၁၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံသို့ လာရောက်တင်ပြရမည်ဟု ဇူလိုင် ၈ ရက်က ပြုလုပ်ခဲ့သော ယာဉ်လိုင်းများအစည်းအဝေးတွင် ဝန်ကြီးက မှာကြားခဲ့ကြောင်း သိရသည်။

**(ဆုနှင်းလှဲ့)**

■

# ပါရီ သဘောတူညီချက်ကို ရှေ့ဆက်အကောင်အထည်ဖော်ရန် အမေရိကန်မှအပ ဂျီ-၂၀ နိုင်ငံများအားလုံး သဘောတူညီ




**ဟမ်းဘတ် ဇူလိုင် ၉**
ရာသီဥတုထိန်းညှိနိုင်ရန် ဦးတည်သော ပါရီသဘောတူညီချက်နှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုနှင့် အခြားသော ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံများအကြား သဘောထားကွဲလွဲမှု ထင်ဟပ်နေသည့် ပူးတွဲကြေညာချက်တစ်ရပ်ကို ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့၌ ဇူလိုင် ၈ ရက်တွင် ထုတ်ပြန်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇူလိုင် ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ပါရီသဘောတူညီချက်အတိုင်း ဆက်လက်လျှောက်လှမ်းကြရန်နှင့် နောက်ကြောင်းပြန်မလှည့်ရန် အမေရိကန်မှအပ ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံများအားလုံးတို့က သဘောတူညီခဲ့ကြခြင်းအတွက် မိမိကျေနပ်အားရမိကြောင်း ထိပ်သီးညီလာခံသဘာပတိဝန်ကြီးချုပ် အိန်ဂျလာမာကဲလ်က ပြောကြားသည်။

ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ ပြန်လည်ထိန်းညှိရေးကိစ္စနှင့်ပတ်သက်၍ ဂျီ-၂၀ နိုင်ငံအားလုံးက တစ်စိတ်တစ်ဝမ်းတည်း သဘောတူညီမှုမရနိုင်ပုံကို မိမိ တွေးဆခဲ့မိကြောင်း၊ သို့ရာတွင် သဘောထားကွဲလွဲမှုရှိနေသည့်ကြားမှ ပါရီသဘောတူညီချက်ကို နောက်ပြန်မလှည့်စတမ်း ဆက်လက်အကောင်အထည်ဖော်ရန် အမေရိကန်မှအပ အားလုံး၏ သဘောတူညီချက်ကို ပီပီပြင်ပြင် ထုတ်ဖော်နိုင်ခဲ့ကြောင်း နှစ်ရက်ကြာ ထိပ်သီးညီလာခံအပြီးတွင် ဝန်ကြီးချုပ်မာကဲလ်က သတင်းထောက်များကို ပြောကြားသည်။

သမ္မတ ဒေါ်နယ်ထရန့်၏ အစိုးရအဖွဲ့သည် ပါရီသဘောတူညီချက်ကို ကျောခိုင်းခဲ့ရာမှ သဘောတူညီချက်တွင် ပြန်လည်ပါဝင်ရန် ဆုံးဖြတ်ဖွယ်ရှိသည်ဟု မိမိယူဆကြောင်း ဗြိတိန်ဝန်ကြီးချုပ် ထရီစာမေက ပြောကြားခဲ့သော်လည်း ယင်းအချက်ကို မိမိလက်မခံနိုင်ကြောင်း ဝန်ကြီးချုပ်မာကဲလ်က ပြောကြားသည်။

ဂျီ-၂၀ ထိပ်သီးညီလာခံ၌ အချေအတင် ဆွေးနွေးငြင်းခုံခဲ့ရသည့်ကိစ္စတစ်ခုမှာ ကုန်သွယ်ရေးကိစ္စဖြစ်သည်။ ကမ္ဘာ့ကုန်သွယ်ရေးတွင် မညီမျှမှုကိုဖြစ်စေသော ကျင့်စဉ်များအားလုံးအပါအဝင် ကိုယ်ကျိုးစီးပွားကာကွယ်ရေးကို တိုက်ဖျက်သွားရန် ဂျီ-၂၀ ခေါင်းဆောင်များ သဘောတူညီခဲ့ကြသည်။ ကမ္ဘာ့နိုင်ငံများအတွင်း သာတူညီမျှမှုရှိသော ကုန်သွယ်ရေးကို အကာအကွယ်ပေးနိုင်မည့် နိုင်ငံတကာသဘောတူညီချက်များ အာဏာသက်ဝင်ရေးမှာ အရေးကြီးလှကြောင်း ဂျီ-၂၀ ခေါင်းဆောင်များ၏ ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။ **ရိုက်တာ။**

# နပန်းအားကစားသမားဟောင်း ခတ်ထ်မာ ဘတ်တုဂါအား မွန်ဂိုလီးယားသမ္မတအဖြစ် ရွေးချယ်တင်မြှောက်

**အူလန်ဘာတော(မွန်ဂိုလီးယား) ဇူလိုင် ၉**
မွန်ဂိုလီးယားပြည်သူများက နပန်းအားကစားသမားဟောင်း ခတ်ထ်မာ ဘတ်တုဂါအား သမ္မတအဖြစ် ရွေးချယ်တင်မြှောက်လိုက်ပြီဖြစ်ကြောင်း ယနေ့ သတင်းများအရ သိရသည်။

ဇူလိုင် ၉ ရက် ရွေးကောက်ပွဲ နောက်ဆုံးမဲရေတွက်မှုအရ အစိုးရ၏အတိုက်အခံ ဒီမိုကရက်တစ်ပါတီမှ ခတ်ထ်မာဘတ်တုဂါက ထောက်ခံမဲ ၅၀ ဒသမ ၆ ရာခိုင်နှုန်းရရှိခဲ့ပြီး အာဏာရ မွန်ဂိုလီးယားပြည်သူ့ပါတီမှ မီရီဂွမ်ဘို အာခ်ဘိုက ထောက်ခံမဲ ၄၁ ဒသမ ၂ ရာခိုင်နှုန်းရရှိခဲ့သည်။

ဇွန်လအတွင်း ကျင်းပခဲ့သည့် ရွေးကောက်ပွဲ မဲရေတွက်မှုတွင် သမ္မတလောင်း သုံးဦးတွင် မည်သူကမျှ မဲအသာစီးရရှိထားမှုမရှိခဲ့သည့်အတွက် ဇူလိုင် ၇ ရက်တွင် ရွေးကောက်ပွဲမဲပေးမှုကို နောက်ဆုံးအကြိမ် ကျင်းပခဲ့ခြင်းဖြစ်သည်။



လက်ရှိရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော ခတ်ထ်မာ ဘတ်တုဂါက နိုင်ငံ၏ ပြည်တွင်းထွက်ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိစေရန် လုပ်ဆောင်မည်ဖြစ်ကြောင်းနှင့် နိုင်ငံ၏သဘာဝသယံဇာတပစ္စည်းများကို ကောင်းမွန်စွာ ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့သည်။

မွန်ဂိုလီးယားနိုင်ငံ၏ သဘာဝသယံဇာတပစ္စည်းများ ရောင်းချမှုဈေးနှုန်း လျော့ကျသည့်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးလျက်ရှိသည်။

ရွေးကောက်ခံသမ္မတ ခတ်ထ်မာ ဘတ်တုဂါ၏ လက်ကိုင်ဆောင်ပုဒ်သည် 'မွန်ဂိုလီးယားအောင်ရမည်' ဟူ၍ဖြစ်သည်။ ယင်းဆောင်ပုဒ်သည် လူငယ်များအား ဆွဲဆောင်လျက်ရှိသည်။

မွန်ဂိုလီးယားနိုင်ငံသည် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးသောနိုင်ငံဖြစ်သည်။ နိုင်ငံ၏အစိုးရအဖွဲ့ကို ဝန်ကြီးချုပ်က ဦးဆောင်ရသည်။ သို့သော် တရားဥပဒေပြုခြင်းနှင့် တရားသူကြီးများခန့်အပ်မှုနှင့် ပတ်သက်သည့် အရေးကိစ္စရပ်များတွင် သမ္မတက စီရင်ဆုံးဖြတ်ရသည်။

**အင်န်အိတ်ချ်ကေ။**

# ကမ္ဘောဒီးယားဘုရင် နိုရိုဒွမ်သီဟာမိုနီ "သစ်တောနေ့" အထိမ်းအမှတ် သစ်ပင်စိုက်ပျိုး

**ကန်ဒါး(ကမ္ဘောဒီးယား) ဇူလိုင် ၉**
ကမ္ဘောဒီးယားဘုရင် နိုရိုဒွမ် သီဟာမိုနီသည် 'သစ်တောနေ့' အထိမ်းအမှတ်အဖြစ် နိုင်ငံတောင်ပိုင်း ကန်ဒါးပြည်နယ်၌ ဇူလိုင် ၉ ရက်က သစ်ပင်စိုက်ပျိုးပေးခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ကမ္ဘောဒီးယားနိုင်ငံ၌ သစ်တောနေ့အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပွဲကို နှစ်စဉ်ကျင်းပပြီး ယခုနှစ်တွင် ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ အစိုးရအဖွဲ့၊ အမျိုးသားလွှတ်တော်၊ အထက်လွှတ်တော်တို့မှ အထက်တန်းတာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသခံပြည်သူများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

သစ်တောသည် လူသားအားလုံးနှင့် တိရစ္ဆာန်များအားလုံး အသက်ရှင်သန်ရေးအတွက် မရှိမဖြစ် လိုအပ်ကြောင်း၊ ကမ္ဘာပေါ်တွင် ဇီဝမျိုးစုံလင်မှုဖြစ်ပေါ်ရေးအတွက် သစ်တောများတည်ရှိနေရန် လိုအပ်ကြောင်း၊ မြေဆီလွှာတိုက်စားမှုကို တားဆီးပေးနိုင်သည်မှာ သစ်တောဖြစ်ကြောင်း ကမ္ဘောဒီးယားဘုရင်က သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ပြောကြားသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြေနေရာ ၁၀ ဟက်တာဧရိယာအတွင်း ပျိုးပင်ပေါင်း ၈၈၃၀ ကို အသုံးပြု၍ သစ်ပင်စိုက်ပျိုးခဲ့ကြကြောင်း လက်ယာစိုက်ပျိုးရေးဝန်ကြီး ဗန်ကာရွှန်းက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ သစ်အလွန်အကျွံခုတ်လှဲထုတ်ယူမှုကြောင့် သစ်တောပြုန်းတီးမှုဖြစ်ခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**

# ကမ္ဘာလုံးဆိုင်ရာ နျူကလီးယားလက်နက်ပိတ်ပင်ရေးစာချုပ် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၁၂၀ ကျော် အတည်ပြုချမှတ်



**ကုလသမဂ္ဂ ဇူလိုင် ၉**
နျူကလီးယားလက်နက်များ ပိတ်ပင်ရေးအတွက် တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်သည့် စာချုပ်တစ်ရပ်ကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၁၂၀ ကျော်က အတည်ပြုချမှတ်ပေးလိုက်ကြောင်း၊ နျူကလီးယားလက်နက်ဖျက်သိမ်းရေးအတွက် နှစ်ပေါင်း ၂၀ ကြာမျှ စေ့စပ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်းစုံက ဥပဒေအရ အာဏာသက်ဝင်ခွင့်ရှိသော စာချုပ်တစ်ရပ်ကို ပထမဆုံးအကြိမ် အတည်ပြုချမှတ်နိုင်ခြင်းဖြစ်ကြောင်း ပီတီအိုင် သတင်းဌာနက သတင်းထုတ်ပြန်သည်။

'နျူကလီးယားလက်နက်များ ပိတ်ပင်ရေးဆိုင်ရာစာချုပ်' ကို ဇူလိုင် ၇ ရက်တွင် နယူးယောက်၌ ကျင်းပသော ကုလသမဂ္ဂညီလာခံ၌ အတည်ပြုချမှတ်နိုင်ခဲ့ကြောင်း၊ အဆိုပါစာချုပ် အတည်ပြုနိုင်ရေးအတွက် မဲခွဲဆုံးဖြတ်ရာတွင် ထောက်ခံမဲ ၁၂၂ မဲ၊ ကန့်ကွက်မဲတစ်မဲ(နယ်သာလန်)၊ ကြားနေမဲတစ်မဲ(စင်ကာပူ)ရရှိကြောင်း ကုလသမဂ္ဂ တာဝန်ရှိသူများက ပြောကြားကြသည်။

နျူကလီးယားလက်နက်များ ပိတ်ပင်ရေးဆိုင်ရာစာချုပ်ကို အပြီးသတ်ရေးဆွဲနိုင်ရေးအတွက် နိုင်ငံတကာညီလာခံတစ်ရပ်ကို မတ်လအတွင်းက ကျင်းပခဲ့သည်။

နျူကလီးယားလက်နက်များကို လုံးလုံးလျားလျားဖျက်သိမ်းနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးကြရန် ကုလသမဂ္ဂအထွေထွေညီလာခံက လွန်ခဲ့သည့်နှစ် အောက်တိုဘာလတွင် ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ပေးခဲ့သည်။ အဆိုပါဆုံးဖြတ်ချက်ချမှတ်နိုင်ရေးအတွက် မဲပေးခဲ့စဉ်က အိန္ဒိယနိုင်ငံက ကြားနေမဲပေးခဲ့သည်။ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာအခြေစိုက် လက်နက်ဖျက်သိမ်းရေးညီလာခံသည် တစ်ခုတည်းသော နိုင်ငံတကာလက်နက်ဖျက်သိမ်းရေးဖိုရမ်အဖြစ် ရပ်တည်နေသည်ဟု အိန္ဒိယနိုင်ငံက ယင်း၏သဘောထားရပ်တည်ချက်ကို ထုတ်ဖော်ခဲ့သည်။

နျူကလီးယားလက်နက်များ ပိတ်ပင်ရေးဆိုင်ရာစာချုပ်တွင်ပါဝင်လက်မှတ်ရေးထိုးနိုင်ရန် ကုလသမဂ္ဂဌာနချုပ်၌ စက်တင်ဘာလတွင် နိုင်ငံအားလုံးကို ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံပေါင်း ၅၀ ထက်မနည်းက အတည်ပြုပြီးနောက် ရက်ပေါင်း ၉၀ အကြာတွင် စာချုပ်အာဏာသက်ဝင်လာမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

နျူကလီးယားလက်နက်များ ပိတ်ပင်ရေးဆိုင်ရာစာချုပ်အတွက် နိုင်ငံတကာညီလာခံပြုလုပ်ခဲ့ရာတွင် အမေရိကန်၊ ရုရှား၊ တရုတ်၊ ပါကစ္စတန်တို့အပါအဝင် နျူကလီးယားလက်နက်ပိုင်ဆိုင်သော နိုင်ငံရှစ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည်လည်းကောင်း၊ ယင်းနိုင်ငံများ၏ မဟာမိတ်နိုင်ငံများသည်လည်းကောင်း ပါဝင်တက်ရောက်ခြင်း မရှိခဲ့ပေ။ **ပီတီအိုင်။**

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်အတူ (၂၁)ရာစုပင်လုံ ပြန်လည်စတင်လိုက်တာဟာ ပါဝင်ပတ်သက်သူအားလုံးကို ညှိနှိုင်းဆွေးနွေးတဲ့စားပွဲပေါ် ရောက်ရှိစေချင်တဲ့ အစိုးရရဲ့ ပြင်းပြတဲ့အာသီသဖြစ်တယ်လို့ မြင်ပါတယ်

**ဇူလိုင် ၉ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာတွင် ဖော်ပြပါရှိသည့် မြန်မာနိုင်ငံဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် နှစ်နိုင်ငံအကြား အပြန်အလှန်ဆက်ဆံရေးအခြေအနေတို့နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mr.Jukr Boon-long နှင့် တွေ့ဆုံမေးမြန်းခန်းကို ဘာသာပြန်ဆို ဖော်ပြအပ်ပါသည်-**

ဘာသာပြန် - သာစိန်၊ ကျော်ထိုက်စိုး

**မေး။ ။ ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံတို့ဟာ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့အပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံတွေလည်း ဖြစ်ကြပါတယ်။ ဒါကြောင့်မို့ ထိုင်း-မြန်မာသံတမန်ဆက်ဆံရေးနဲ့ ပတ်သက်ပြီး အဆွေတော်ရဲ့အမြင်ကို သိချင်ပါတယ်။**

ဖြေ။ ။ ကျွန်တော်တို့ရဲ့ဆက်ဆံရေးဟာ ကောင်းမွန်တဲ့ အခြေအနေမှာရှိတယ်လို့ ပြောရမှာဖြစ်တယ်။ နိုင်ငံရေးအရဆိုရင် အစိုးရနဲ့ရော ကာကွယ်ရေးဝန်ကြီးဌာနနဲ့ပါ လွန်စွာပဲ အကျွမ်းတဝင်ရှိပါတယ်။ အဆင့်မြင့်အရာရှိတွေ နှစ်နိုင်ငံအကြား အပြန်အလှန်သွားရောက်လည်ပတ်မှုများစွာရှိခဲ့ပါတယ်။ ရေတပ်အချင်းချင်း ဆွေးနွေးမှုတွေ ပြုလုပ်နိုင်တဲ့ ပူးတွဲကော်မတီနဲ့ အပြန်အလှန်ဆက်ဆံရေး မြှင့်တင်နိုင်တဲ့ မြို့နယ်ကော်မတီတွေရှိနေပါတယ်။ နယ်စပ်တစ်လျှောက်မှာ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားမြှင့်တင်ရေးနဲ့ နှစ်နိုင်ငံအကြား အတွေ့အကြုံနဲ့ ဗဟုသုတ အပြန်အလှန်မျှဝေမှုတွေ ရှိနေပါတယ်။ ထိုင်းရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်သွယ်မှုတွေလည်း မြန်မာနိုင်ငံမှာရှိနေပါတယ်။

ဒီမှာတစ်ခုပြောချင်တာက ထိုင်းအစိုးရနဲ့ ပုဂ္ဂလိကကဏ္ဍတွေက မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ ဆုံးဖြတ်ခဲ့ကြပြီး ဖြစ်ပါတယ်။ ဒါ့အပြင် အဲဒီရင်းနှီးမြှုပ်နှံမှုနဲ့အတူ မြန်မာပြည်ကိုလည်း ပြန်ပြီးအကျိုးပြုဖို့ ဆန္ဒရှိနေပါတယ်။ PTTEP ရေနံနဲ့သဘာဝဓာတ်ငွေ့ကုမ္ပဏီနဲ့ SCD ဘိလပ်မြေကုမ္ပဏီတို့ဟာ CSR ကျင့်ဝတ်နဲ့အညီ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့်အတူ မြန်မာနိုင်ငံရဲ့ ပညာရေးကဏ္ဍနဲ့ ကျန်းမာရေးကဏ္ဍတွေမှာ ကူညီပံ့ပိုးမှုများစွာ လုပ်ခဲ့ပါတယ်။ အလားတူ ထိုင်းဘဏ်လုပ်ငန်းကုမ္ပဏီတွေလည်း လူမှုရေးလုပ်ငန်းတွေမှာ တာဝန်ကျေခဲ့ပါတယ်။ Siam ကော်မာရှယ်ဘဏ်၊ K ဘဏ်နဲ့ Bangkok ဘဏ်တို့ဟာ မြန်မာနိုင်ငံရဲ့ ပညာရေးကဏ္ဍနဲ့ ငွေကြေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွေမှာ ပါဝင်လျက်ရှိပါတယ်။ ထိုင်းပုဂ္ဂလိကကဏ္ဍက ဖော်ဆောင်ခဲ့တဲ့ CSR စီမံကိန်းတွေ မြန်မာနိုင်ငံမှာ အများအပြားရှိနေပါတယ်။ ဒါဟာ နိုင်ငံရေးအရရော ပြည်သူအချင်းချင်း ထိတွေ့မှုအရပါ လွန်စွာအရေးကြီးပါတယ်။ အပြန်အလှန်လည်ပတ်မှု များပြားကြတဲ့အတွက် ကျွန်တော်တို့ဟာ တစ်ဦးနဲ့တစ်ဦး ရင်းနှီးခဲ့ကြပြီး ယခုအခါမှာ များပြားတဲ့ ထိုင်းနိုင်ငံသားတွေ မြန်မာနိုင်ငံကို လာရောက်လည်ပတ်နေကြပါပြီ။

ရွှေတိဂုံစေတီတော်သွားရင် ထိုင်းနိုင်ငံသားတွေ မတွေ့ရတဲ့နေ့ မရှိသလောက်ပါပဲ။ ဗိုလ်ချုပ်ဈေးမှာလည်း အမြဲလိုလို ဈေးဝယ်တဲ့ထိုင်းနိုင်ငံသားတွေ တွေ့ရပါတယ်။ နှစ်နိုင်ငံအကြား ဆက်ဆံရေးကောင်းမွန်လို့ ဝမ်းမြောက်ရသလို လာမယ့်နှစ်မှာ မြန်မာနိုင်ငံနဲ့ နှစ် (၇၀)မြောက် သံတမန်ဆက်ဆံရေးအခမ်းအနား ကျင်းပသွားမှာဖြစ်ပါတယ်။ ထိုင်းနိုင်ငံမှာ ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးခိုင်မြဲဖို့၊ လူနေမှုဘဝ သို့မဟုတ် အထည်ရက်လုပ်မှု သို့မဟုတ် ဗုဒ္ဓဘာသာနဲ့ဆိုင်တဲ့ ဆွေးနွေးပွဲတွေ ကျင်းပဖို့ရှိပါတယ်။ မြန်မာနိုင်ငံမှာလည်း မြန်မာမိတ်ဆွေတွေနဲ့အတူ ယဉ်ကျေးမှုကပွဲတွေ၊ ပန်းချီပြပွဲတွေ ကျင်းပဖို့ရှိပါတယ်။

**မေး။ ။ ထိုင်းနိုင်ငံရဲ့ အတွေ့အကြုံပေါ်မူတည်ပြီး မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် အဆွေတော်ရဲ့ အမြင်ကိုသိချင်ပါတယ်။**

ဖြေ။ ။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာ နိုင်ငံတိုင်းလိုလို အခက်အခဲ အနည်းနဲ့အများတော့ရှိမယ်လို့ ထင်ပါတယ်။ အသွင်ကူးပြောင်းရေးကာလအတွင်းမှာ လူမှုယဉ်ကျေးမှုရဲ့ အခြေအနေပေါ်မှာ မူတည်ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော်တာဝန်ကို စတင်ယူပြီးကတည်းက မတူညီတဲ့ အသံတွေကိုနားထောင်ပြီး အားလုံးပါဝင်မှုနဲ့ ရိုးသားပွင့်လင်းမှုအပေါ်အခြေခံတဲ့ နိုင်ငံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာတာကို ကျွန်တော်တို့တွေ့ရပါတယ်။ ဒါဟာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားတဲ့ လက္ခဏာတစ်ရပ်ဖြစ်သလို ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက်လည်း သော့ချက်ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်အတူ (၂၁)ရာစုပင်လုံ ပြန်လည်စတင်တာဟာ ပါဝင်ပတ်သက်သူအားလုံးကို ညှိနှိုင်းဆွေးနွေးတဲ့စားပွဲပေါ် ရောက်ရှိစေချင်တဲ့ အစိုးရရဲ့ ပြင်းပြတဲ့အာသီသဖြစ်တယ်လို့ ကျွန်တော်တို့ထင်ပါတယ်။ ဒုတိယအကြိမ် ပင်လုံညီလာခံမှာ အချက် ၃၇ ချက် သဘောတူညီမှုရရှိခဲ့တယ်လို့ ကြားရတဲ့အတွက် ဒါဟာ ကောင်းမွန်တဲ့လက္ခဏာတစ်ရပ်ပါပဲ။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ဖို့ အဓိကလိုအပ်ချက်ကတော့ ပါဝင်ပတ်သက်သူအချင်းချင်းအကြား ယုံကြည်မှုတည်ဆောက်ဖို့လိုတယ်လို့ ကျွန်တော်တို့ယူဆပါတယ်။ ပါဝင်ပတ်သက်သူတွေအနေနဲ့ ငြိမ်းချမ်းရေးလက်မှတ် အပြီးသတ်ထိုးပြီးရင် ဘာတွေဖြစ်လာမလဲဆိုတာနဲ့ပတ်သက်ပြီး ခေါင်းဆောင်တွေအပေါ် ယုံကြည်မှုရှိဖို့လိုအပ်ပါတယ်။ ဒါကြောင့်မို့ စေ့စပ်ဆွေးနွေးပွဲလုပ်ဆောင်စဉ်မှာ သူတို့ယုံကြည်အောင် အာမခံချက်ပေးဖို့လိုပါတယ်။

**မေး။ ။ မြန်မာအနေနဲ့ အပြန်အလှန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိမ်နီးချင်းနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ အရေးကြီးတယ်လို့ခံယူပါတယ်။ ဒါကြောင့် နှစ်နိုင်ငံပြည်သူတွေရဲ့ အကျိုးစီးပွားအတွက် မြန်မာနိုင်ငံမှာ ထိုင်းနိုင်ငံရဲ့ ချိတ်ဆက်မှုစီမံကိန်းနဲ့ ဖွံ့ဖြိုးရေးအစီအစဉ်တွေနဲ့ ပတ်သက်ပြီး အဆွေတော်ရဲ့အမြင်ကို မျှဝေပေးစေချင်ပါတယ်။**

ဖြေ။ ။ ကျွန်တော်တို့မှာ မူဝါဒ၊ အစိုးရနဲ့ ပုဂ္ဂလိကကဏ္ဍတွေရှိပါတယ်။ မြန်မာပြည်သူတွေ အကျိုးရှိမယ့် အတွေ့အကြုံဗဟုသုတတွေကို မျှဝေမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ရေးကိုဖြစ်စေမယ့် အပြောင်းအလဲတွေဖြစ်ပေါ်လာတာနဲ့ မြန်မာပြည်သူတွေကို စွမ်းဆောင်ရည်မြှင့်တင်ပေးဖို့ရှိပါတယ်။ အဲဒါနဲ့အတူ ချိတ်ဆက်မှုလုပ်ငန်းတွေကိုပါ ဆွေးနွေးကြမှာဖြစ်ပါတယ်။ ခုချိန်မှာ ထိုင်းကနေ မြန်မာနိုင်ငံကို ဝင်ရောက်နိုင်တဲ့ ဝင်ပေါက်လေးခုပဲရှိသေးတဲ့အတွက် ဝင်ပေါက်တွေ ထပ်မံတိုးချဲ့ဖို့ ကျွန်တော်တို့ကြိုးစားနေပါတယ်။ ချိတ်ဆက်မှုနဲ့ပတ်သက်ရင် ထိုင်းကတစ်ဆင့် ဗီယက်နမ်နိုင်ငံ ဒါနန်ကနေ အနောက်-အရှေ့ စီးပွားရေးစင်္ကြံရှိထားပြီးဖြစ်ပါတယ်။ အဲဒီကနေတစ်ဆင့် မဲဆောက်နဲ့ မြဝတီရှိပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ချိတ်ဆက်မှုနဲ့အတူ လမ်းများဆောက်လုပ်ခြင်းဟာ အဓိကလိုအပ်ချက်ဖြစ်တယ်ဆိုတာ ကျွန်တော်တို့ ကောင်းစွာသဘောပေါက်ပါတယ်။ ဒါကြောင့်မို့လည်း မြဝတီကနေ ကော့ကရိတ်အထိ လမ်းများဖောက်လုပ်ခြင်းနဲ့ အဆင့်မြှင့်တင်ခြင်းအတွက် မြန်မာအစိုးရကို ကျွန်တော်တို့ ပံ့ပိုးကူညီလျက်ရှိပါတယ်။ ဒုတိယမြောက်တံတားပြီးသွားတဲ့အခါ လွတ်လပ်တဲ့ကုန်စည်စီးဆင်းမှုနဲ့အတူ ရင်းနှီးမြှုပ်နှံမှုနဲ့ ခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။

> “ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ဖို့ အဓိကလိုအပ်ချက်ကတော့ ပါဝင်ပတ်သက်သူအချင်းချင်းအကြား ယုံကြည်မှုတည်ဆောက်ဖို့လိုတယ်လို့ ကျွန်တော်တို့ယူဆပါတယ်။ ပါဝင်ပတ်သက်သူတွေအနေနဲ့ ငြိမ်းချမ်းရေးလက်မှတ် အပြီးသတ်ထိုးပြီးရင် ဘာတွေဖြစ်လာမလဲဆိုတာနဲ့ပတ်သက်ပြီး ခေါင်းဆောင်တွေအပေါ် ယုံကြည်မှုရှိဖို့လိုအပ်ပါတယ်။ ဒါကြောင့်မို့ စေ့စပ်ဆွေးနွေးပွဲလုပ်ဆောင်စဉ်မှာ သူတို့ယုံကြည်အောင် အာမခံချက်ပေးဖို့ လိုပါတယ်။”



ထိုင်းနိုင်ငံသံအမတ်ကြီး Mr.Jukr Boon-long

**မေး။ ။ မြန်မာနိုင်ငံဟာ နိုင်ငံရေးနဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ဆောင်နေချိန်မှာ စောစောကအဆွေတော်ပြောခဲ့တဲ့ အနောက်-အရှေ့စင်္ကြံ အာရှလမ်းမကြီးနဲ့အတူ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုတွေအပေါ် ထိုင်းနိုင်ငံရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ပတ်သက်ပြီး ရှင်းပြပေးပါ။**

ဖြေ။ ။ လောလောဆယ်မှာတော့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်သွယ်မှုလုပ်နေတဲ့ ထိုင်းလုပ်ငန်းရှင်တွေ များစွာရှိပါတယ်။ ဒါပေမယ့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အပြည့်အဝရရှိဖို့အတွက် လိုအပ်ချက်တွေရှိနေသေးတယ်လို့ ပြောရမှာဖြစ်ပါတယ်။ အခြေခံအဆောက်အအုံ၊ လမ်းတံတား၊ လျှပ်စစ်မီးနဲ့အခြားသောကဏ္ဍတွေမှာ လိုအပ်ချက်ရှိနေပါသေးတယ်။ ဒါကြောင့်မို့ ထိုင်းလုပ်ငန်းရှင်တွေဟာ ဒုတိယမြောက် ချစ်ကြည်ရေးတံတားနဲ့အတူ မြဝတီ-ကော့ကရိတ်လမ်းနဲ့ မွန်ပြည်နယ်က သထုံလမ်းတွေကို အဆင့်မြှင့်တင်ဖို့ ကြိုးပမ်းနေပါတယ်။

လျှပ်စစ်မီးရရှိရေးမှာလည်း ထိုင်းလုပ်ငန်းရှင်တွေက လျှပ်စစ်ဓာတ်အားစက်ရုံတွေမှာ ရင်းနှီးမြှုပ်နှံလျက်ရှိပါတယ်။ ထိုင်းလုပ်ငန်းရှင်အသင်းလို့ခေါ်တဲ့ ခိုင်မာတဲ့ အဖွဲ့အစည်းတစ်ရပ် မြန်မာနိုင်ငံမှာရှိနေပါတယ်။ အဲဒီအဖွဲ့အစည်းက မြန်မာနိုင်ငံမှာရှိတဲ့ ထိုင်းလုပ်ငန်းရှင်တွေကို လိုအပ်တဲ့စီးပွားရေးသတင်းအချက်အလက်တွေ ပေးခြင်း၊ အတွေ့အကြုံမျှဝေခြင်းတွေကို လုပ်ဆောင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်၊ အကျိုးအမြတ်ယူပြီး ပြန်သွားလို့မဖြစ်ပါဘူး။ မြန်မာပြည်သူ အကျိုးအတွက်လည်း ဖော်ဆောင်ပေးရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စီးပွားရေးလုပ်ရင်း အတူတကွ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ရမှာဖြစ်ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်နေတဲ့ ရင်းနှီးမြှုပ်နှံသူတွေအတွက် အခြားစိန်ခေါ်မှုတွေက ဘာတွေဖြစ်မလဲ။ သောင်ရင်းမြစ်ကူး ဒုတိယမြောက် ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတားတစ်စင်း တည်ဆောက်မယ်လို့ သိရှိရပါတယ်။ ဒါကြောင့် နယ်စပ်ကုန်သွယ်မှု အလားအလာက ဘာတွေဖြစ်မလဲ။**

ဖြေ။ ။ လမ်းမကြီးတွေ၊ တံတားတွေအားလုံးကို ချိတ်ဆက်ပေးတဲ့နေရာတစ်ခုရှိမယ်ဆိုရင် ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှု အလားအလာ အလွန်တရာတိုးတက်လာပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုလက်ရှိဖြစ်နေတာက ကျွန်တော်တို့အချင်းချင်း ကုန်သွယ်မှုပြုလုပ်နိုင်တဲ့ ထွက်ပေါက်တွေက အနည်းငယ်မျှသာရှိနေလို့ဖြစ်ပါတယ်။ နယ်စပ်တစ်လျှောက်ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်လို့ ကျွန်တော်တို့ ပြောဆိုဆွေးနွေးတဲ့အခါ ခင်ဗျားအနေနဲ့ နယ်စပ်ကိုဖြတ်ကျော်ရမှာဖြစ်ပြီး အဲဒီလိုဖြတ်ကျော်ရမယ့် အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်ကလည်း အနည်းငယ်ပဲရှိပါတယ်။ ကုန်စည်အပြည့်တင်ဆောင်လာတဲ့ ထရပ်ကားတွေအတွက် တံတားသစ်တစ်စင်း ရှိဖို့လိုအပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မဲဆောက်၊ မြဝတီ၊ ကော့ကရိတ်၊ သထုံနဲ့ မော်လမြိုင်ကလာတဲ့ကားတွေနဲ့ ရန်ကုန်၊ နေပြည်တော်နဲ့ မန္တလေးကိုသွားမယ့် ကားတွေအတွက် ဒီလမ်းမကြီးက အလွန်ကို အရေးပါတဲ့လမ်းမကြီးတစ်ခုဖြစ်ပါတယ်။ မန္တလေးနဲ့ ကလေးကလာတဲ့ လမ်းမကြီးတည်ဆောက်မှုပြီးစီးရင် အိန္ဒိယနိုင်ငံ အင်ဖာ၊ မိုရေးနဲ့ တမူး၊ ကလေးကနေ ဗန်းမော်၊ မန္တလေး၊ နေပြည်တော်နဲ့ ရန်ကုန်အထိ လမ်းတွေအားလုံးက မဲဆောက်ကို ပြန်လည်ရောက်ရှိသွားမယ့် ပြည့်စုံတဲ့လမ်းချိတ်ဆက်မှုကို ခင်ဗျားတွေ့မြင်လာပါလိမ့်မယ်။ ဒီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုအလားအလာကို ခင်ဗျားတွေ့ပြီမို့လား။ ဒီလမ်းမကြီးက မြို့ကြီးတွေအားလုံးကို ဖြတ်သန်းသွားမှာဖြစ်ပြီး မြန်မာနိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေမှာ ဖြစ်ပါတယ်။ ချိတ်ဆက်မှုအားလုံး ပြီးစီးဖို့အတွက် လမ်းမကြီးနဲ့ တံတားတည်ဆောက်မှု တိုးတက်ကောင်းမွန်လာဖို့ အတူတကွ ကြိုးပမ်းရမယ်လို့ ကျွန်တော်ထင်ပါတယ်။ အခြေခံအဆောက်အအုံတွေအပြင် ထိုင်းရင်းနှီးမြှုပ်နှံသူတွေက ရေပေးဝေရေးနဲ့ လျှပ်စစ်ပေးပို့မှု တိုးတက်ကောင်းမွန်လာအောင် လုပ်ဆောင်နေပါတယ်။

**မေး။ ။ ဒါဆိုရင် လျှပ်စစ်ပေးပို့မှုနဲ့ ပိုမိုကောင်းမွန်တဲ့ သယ်ယူပို့ဆောင်ရေးက စိန်ခေါ်မှုတွေ ဖြစ်လာမလား။**

ဖြေ။ ။ ဟုတ်ပါတယ်။ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုက ထိုင်းရင်းနှီးမြှုပ်နှံသူတွေအတွက်သာ မဟုတ်ပါဘူး။ ပြည်ပရင်းနှီးမြှုပ်နှံသူတွေအားလုံးက လျှပ်စစ်၊ ရေပေးဝေမှု၊ အင်တာနက် အစရှိတဲ့နယ်ပယ်တွေမှာ ဖွံ့ဖြိုးတိုးတက်လာဖို့ မျှော်လင့်နေပါတယ်။ ပြည်ပရင်းနှီးမြှုပ်နှံသူတွေကိုဆွဲဆောင်ဖို့ ဥပဒေသစ်တွေ၊ စည်းမျဉ်းသစ်တွေနဲ့ ဒီနယ်ပယ်တွေအားလုံး ဖွံ့ဖြိုးတိုးတက်လာအောင် မြန်မာအစိုးရက ကြိုးပမ်းဆောင်ရွက်နေတာ ကျွန်တော်သိပါတယ်။ မြန်မာအစိုးရက ပြည်ပရင်းနှီးမြှုပ်နှံမှုဥပဒေကို အတည်ပြုခဲ့ပြီး အသိဉာဏ်မှုပိုင်ခွင့်အပြင် အာမခံဥပဒေလည်း အတည်ပြုလိမ့်မယ်လို့ ကျွန်တော်သိရှိရပါတယ်။ ဒါဟာ မြန်မာနိုင်ငံကိုလာရောက်ပြီး စီးပွားရေးနဲ့ ကုန်သွယ်မှုလာရောက်ပြုလုပ်မယ့် ပြည်ပရင်းနှီးမြှုပ်နှံသူတွေအတွက် အလွန်ကိုအရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါတွေက ဘယ်တိုင်းပြည်မှာမဆို ရင်းနှီးမြှုပ်နှံသူတွေ မျှော်လင့်နေတဲ့ အခြေခံကျတဲ့ ဥပဒေနဲ့ စည်းမျဉ်းတွေ ဖြစ်လို့ပါ။

**မေး။ ။ အာဆီယံအဖွဲ့ကြီးက ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်းမှာ နှစ် ၅၀ မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ကျင်းပတော့မှာဖြစ်ပါတယ်။ ဒါကြောင့် အာဆီယံအဖွဲ့ဝင်ဖြစ်တဲ့အတွက် လူကြီးမင်းရဲ့ရည်မှန်းချက်က ဘာဖြစ်မလဲ။**

ဖြေ။ ။ ပထမဆုံးအနေနဲ့ အခုချိန်မှာ ကျွန်တော်တို့အားလုံးမှာ အာဆီယံစီးပွားရေးအသိုက်အဝန်းတစ်ခု ရှိနေပြီး ရင်းနှီးမြှုပ်နှံမှုအတွက် နိုင်ငံတကာအသိုင်းအဝိုင်းကို ဈေးကွက်သစ်တစ်ခုကမ်းလှမ်းဖို့ ကျွန်တော်တို့ အတူတကွလက်တွဲလုပ်ဆောင်ရမှာဖြစ်ပါတယ်။ စီးပွားရေးအရ အာဆီယံဒေသကိုလာရောက်ပြီး ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံဖို့ အနောက်နိုင်ငံတွေအတွက် အလွန်အရေးကြီးပါတယ်။ နိုင်ငံရေးအရ ကျွန်တော်တို့ အတူတကွ ကြိုးပမ်းဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့ဒေသတွင်းက ဘယ်ပြဿနာ၊ ဘယ်ကိစ္စကိုမဆို တာဝန်ယူနိုင်ပြီး ဒေသအပြင်ဘက်က ဘယ်နိုင်ငံကိုမဆို ကျွန်တော်တို့ ထောက်ခံအားပေးနိုင်ပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေရဲ့အသံကို ကျွန်တော်တို့ အတူနားထောင်ပြီး ဒါဟာ အာဆီယံသည် အခြားဒေသတွေအထိ သက်ရောက်မှုရှိသင့်တယ်ဆိုတဲ့ အမှာစကားပဲဖြစ်ပါတယ်။

**စာမျက်နှာ ၈ သို့ »»**

# အသက်ပေါင်းများစွာပိုင်ဆိုင်သည့် ယာဉ်မောင်းများ

ခင်မောင်ဌေး(ပညာရေး)

ဇူလိုင် ၇ ရက် မွန်းလွဲ ၁ နာရီ မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ကျေးရွာအုပ်စု ပြည်လမ်းပေါ်တွင် YBS နှစ်စီး မျက်နှာချင်းဆိုင် တိုက်သည့်သတင်း သတင်းမီဒီယာများပေါ်သို့မရောက်ခင်ကပင် လူမှုကွန်ရက်တွင်သတင်းများ ပလူပျံနေလေသည်။

ဆိုရလျှင် ရန်ကုန်တိုင်းဒေသကြီးအတွင်းပြေးဆွဲနေသည့် YBS သက်တမ်းကာလအတွင်း အပြင်းထန်ဆုံး၊ အသေအကျေထိခိုက်ဒဏ်ရာရမှု အများဆုံးယာဉ်မတော်တဆမှုကြီးပင်ဖြစ်လေသည်။ မျက်မြင်သက်သေများ၏ ထွက်ဆိုချက်အရ မှော်ဘီဘက်မှ အမှတ် ၅၅-YBS ယာဉ်နှစ်စီးအပြိုင်မောင်းနှင်လာသည်။ YBS ၃၇ ကလည်း ရန်ကုန်ဘက်မှမောင်းလာခြင်း ဖြစ်သည်။ အပြိုင်မောင်းလာသောယာဉ်တစ်စီးမှာ အရှိန်ပြင်းထန်သည်။ ဘီးပေါက်သွားသည်လား(ဝါ) Tie Rod ပြုတ်သွားသည်လားမသိ။ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးချရပ်ထားသည့် YBS ၃၇ ကို ခေါင်းချင်းဆိုင်၍တိုက်မိသည်။ YBS ၅၅ မှာ ရှစ်လုံးထိုးအင်ဂျင်ဖြစ်၍ အရှိန်အလွန်ပြင်းထန်သည်ဟုဆိုကြသည်။

နေ့စဉ်ထုတ်သတင်းစာများအရဆိုလျှင် ၁၀ ဦးသေဆုံးကာ ဒဏ်ရာရရှိသူများလည်းရှိကြောင်း သိရသည်။ တာဝန်သိ ပြည်သူများ၏ဆက်သွယ်အကူအညီတောင်းခံမှုကြောင့် နာရေးကူညီမှုအသင်း(ရန်ကုန်)အပါအဝင် အရန်မီးသတ်တပ်ဖွဲ့များ၊ လူနာတင်ယာဉ်များဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်ကြောပိတ်ဆို့မှုဖြေရှင်းရေးနှင့်အတူ ခရီးသွားပြည်သူများ လုံခြုံဘေးကင်းစွာစီးနင်းနိုင်ရန်ရည်ရွယ်၍ YBS ကားသစ်ကြီးများ မှာယူကာ လိုင်းအသီးသီးတွင် အစားထိုးပြေးဆွဲနေပြီဖြစ်သည်။ အစားထိုးပြေးဆွဲရန် ကျန်ရှိနေသည့်ယာဉ်လိုင်းများအတွက်လည်း စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။ လက်ရှိပြေးဆွဲနေသည့်ယာဉ်လမ်းများ ရှင်းလင်းသွားပြီဟု မဆိုနိုင်သေးသော်လည်း ခေတ်မီကားသစ်ကြီးများကြောင့် လုံခြုံဘေးကင်းစွာ စီးနင်းသွားလာနိုင်မည်ဟု မျှော်လင့်ထားကြလေသည်။

ယခုဖြစ်ပွားခဲ့သောဖြစ်စဉ်ကိုကြည့်လျှင် အပြိုင်အဆိုင်မောင်းနှင်မှုက စကြလေသည်။ ယာဉ်တိုင်းသည် စက်ပစ္စည်းများသာဖြစ်ပါသည်။ နေ့စဉ်အသုံးပြုနေသည့်ယာဉ်များဖြစ်၍ ပျက်စီးနိုင်ပါသည်။ ထို့ပြင် မိမိယာဉ်၏ စက်စွမ်းအားကောင်းလျှင်ကောင်းသလောက် မောင်းနှင်ခြင်း မပြုသင့်ပေ။ ယခုဖြစ်စဉ်တွင် အရှိန်အလွန်ပြင်းပါသည်။ ထိုစဉ် စက်ချွတ်ယွင်းမှုကြောင့် ပုံမှန်အတိုင်း ထိန်းသိမ်းနိုင်စွမ်းမရှိတော့သောအခါ ကြီးမားပြင်းထန်သော ယာဉ်မတော်တဆမှုကို ဖြစ်စေခြင်းပင်။ ထိုယာဉ်များသည် ခရီးသည်အပြည့် တင်ဆောင်လာသောယာဉ်များဖြစ်ကြလေသည်။ မှော်ဘီဘက်မှလာသော ယာဉ်ပေါ်တွင် နည်းပညာတက္ကသိုလ် ကျောင်းသားကျောင်းသူများပါလာရာ သေကျေထိခိုက်ဒဏ်ရာရကြလေသည်။ အပြစ်မဲ့ပြည်သူပြည်သားများ၊ ကျောင်းသား ကျောင်းသူများ အသက်ဆုံးရှုံးရသည့်အတွက် များစွာဝမ်းနည်းဖွယ်ပင်ဖြစ်လေသည်။

သို့ဖြစ်၍ ပြည်သူအများ လုံခြုံဘေးကင်းစွာ စီးနင်းသွားလာနိုင်ရန် ခေတ်မီဘတ်စ်ကားကြီးများမှာယူ၍ ပြေးဆွဲပေးနေသော်လည်း ယာဉ်ကို ကိုင်တွယ်မောင်းနှင်သူအချို့၏ လောဘဇောတိုက်မှု၊ အလျင်အမြန်ရောက်လိုမှု၊ ခေါက်ရေများများရလိုမှု၊ ခရီးသည်လုတင်မှုများကြောင့် မတော်တဆမှုဖြစ်ကြရလေသည်။ ယခုအခါ တိုင်းဒေသကြီးအတွင်း မောင်းနှင်နေသည့် YBS ယာဉ်များမှာ မိုင်နှုန်း ၆၀ ထက် ပိုမမောင်းနိုင်ရန် ပြုလုပ်ထားပြီးဖြစ်သည်ဟု သိရသည်။ အများပိုင်ယာဉ်လိုင်းများတွင်မူ ဤကဲ့သို့ ကန့်သတ်မောင်းနှင်မှုရှိ၊ မရှိ မသိရသေးပေ။

စင်စစ် တိုင်းဒေသကြီးအတွင်းမောင်းနှင်နေသည့် ယာဉ်များအနေဖြင့် ကန့်သတ်မိုင်နှုန်းဖြင့်သာ မောင်းနှင်သင့်ပါသည်။ ပြည့်ကျပ်နေသည့်ယာဉ်လိုင်းများအတွင်း အရှိန်ဖြင့်ကျော်တက်မောင်းနှင်နေသည့် ယာဉ်များ၊ လမ်းပြောင်းပြန်မောင်းသော ယာဉ်များကို ထိထိရောက်ရောက် အပြစ်ပေးအရေးယူသင့်သည်။ အကယ်၍ ယာဉ်ထိန်းရဲမရှိသော ပွိုင့်များတွင် CCTV ကင်မရာများတပ်ဆင်၍ အချိန်နှင့်တစ်ပြေးညီ စိစစ်အရေးယူသင့်ပါသည်။

တောင်ကိုရီးယားနှင့် အင်ဒိုနီးရှားကဲ့သို့သော နိုင်ငံများတွင် ယနေ့တိုင်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် မီနီဘတ်စ်များကို အသုံးပြုနေဆဲဖြစ်သည်။ ဟိုက်ဝေး(အဝေးပြေးခရီးစဉ်များ)အတွက်သာ ကားကြီးများအသုံးပြုလေသည်။ မီနီဘတ်စ်များကို အသုံးပြုခြင်းဖြင့် ယာဉ်ကြောပိတ်ဆို့မှုသက်သာခြင်း၊ သင့်တင့်မျှတသည့် ခရီးသည်ဦးရေဖြင့် မြန်မြန်ဆန်ဆန် ကွေ့ပတ်သွားနိုင်ခြင်း၊ စီးရေများများ အသုံးပြုနိုင်ခြင်းတို့ကြောင့် ဖြစ်လေသည်။

ယခု ယာဉ်လိုင်းများတွင်လည်း ယာဉ်အသစ်စီးရေ ၁၀၀၀ ဖြင့် အစားထိုးပြေးဆွဲနေပြီဖြစ်သည်။ အချို့ယာဉ်လိုင်းများတွင် ယာဉ်စီးနင်းမှုပုံစံများ ပြောင်းလဲနေပြီဖြစ်သည်။ မချေမငံဆက်ဆံသော၊ အပြောအဆို မယဉ်ကျေးသော၊ ဆက်ဆံရေးမပြေပြစ်သော ယာဉ်နောက်လိုက်များကြောင့် ယာဉ်နောက်လိုက်မပါသည့် ယာဉ်များရှိလာသည်။ ယာဉ်၏ရှေ့ပေါက်မှဝင်၍ ယာဉ်စီးခငွေကို ပုံးထဲတွင်ထည့်ရသည်။ ဆင်းသောအခါ မှတ်တိုင်ရောက်မှ နောက်ပေါက်မှ ဆင်းရလေသည်။ ခရီးသွားများကလည်း သတ်မှတ်စည်းကမ်းလိုက်နာကြဖို့ လိုပါသည်။ ဆိုရလျှင် ယာဉ်နောက်လိုက်မပါသော ယာဉ်များတွင် ယာဉ်စီးခပေးရန် ယာဉ်စီးသူတိုင်းက ငွေစက္ကူအကြွေအနုပ်လုပ်ထားရန်လိုပါသည်။ တစ်ထောင်တန်၊ ငါးထောင်တန်ဖြင့် လိုက်ပါစီးနင်းလျှင် အဆင်မပြေနိုင်ပါ။

ထို့အတူပင် ယာဉ်မောင်းများ၏ တာဝန်ထမ်းဆောင်မှုအပိုင်းတွင်လည်း စည်းကမ်းလိုက်နာရန် အရေးကြီးလှပါသည်။ သတ်မှတ်မိုင်နှုန်းထက် ပို၍ မမောင်းသင့်။ ပြိုင်၍ မမောင်းသင့်။ ခရီးသည်လု၍ မတင်သင့်။ လမ်းပြောင်းပြန်မမောင်းသင့်။ ကျော်မတက်သင့်။ ဖော်ပြပါလိုက်နာရမည့်စည်းကမ်းများကို ဖောက်ဖျက်လေ့ရှိသူများအား တာဝန်မပေးသင့်ပေ။ မောင်းနှင်ခွင့်မပြုသင့်ပါ။ သို့ဖြစ်၍ ယာဉ်မောင်းများကို ခန့်အပ်ရာတွင် ယာဉ်မောင်းကျွမ်းကျင်ရုံ၊ ယာဉ်မောင်းနှင်ခွင့် လက်မှတ်ရှိရုံဖြင့် မခန့်အပ်သင့် ပေ။ YBS ကဲ့သို့သောယာဉ်ကြီးများ မောင်းနှင်ရာတွင် ခရီးသည်အများအပြားသယ်ယူပို့ဆောင်နေရသည့် လုပ်ငန်းဖြစ်သည့် အားလျော်စွာ အတွေ့အကြုံရှိသော၊ ကျွမ်းကျင်၍ စိတ်ရှည်သည်းခံတတ်သော၊ စည်းကမ်းလိုက်နာတတ်သော ယာဉ်မောင်း များကိုသာ ခန့်အပ်သင့်လှပါ သည်။ ယာဉ်မောင်းလိုင်စင်ရှိရုံဖြင့် အတွေ့ အကြုံနုနယ်သော ငယ်ရွယ်သည့်ယာဉ်မောင်းများကို ခန့်အပ်ခြင်းဖြင့် ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်တတ်သည်ကို သတိချပ်သင့်လှပေ သည်။

သို့ဖြစ်၍ ယာဉ်မတော်တဆမှုဖြစ်လေတိုင်း အပြစ်မဲ့ပြည်သူများဆုံးရှုံးနစ်နာကြရ၏။ ပညာသင်အရွယ် သားငယ် သမီးငယ်များပါဝင်၍ နိုင်ငံအတွက်ပါ နစ်နာရ၏။ ဆိုရလျှင် ယာဉ်မောင်းသူတို့၏ လက်ထဲတွင် ပြည်သူ့အသက်ပေါင်းများစွာ ရှိနေပါသည်။ ယာဉ်မောင်းတစ်ဦး၏ မဆင်မခြင်မောင်းနှင်မှုကြောင့် လူတို့၏ အသက်ပေါင်းများစွာ စတေးခံနေရပါသည်။ အသိတရားဖြင့် သတိထားကြဖို့ အချိန်တန်လေပြီ။ သို့ဖြစ်၍လည်း "လုံခြုံဘေးကင်းစွာပြန်လာမည့် သင့်အား ဇနီး၊ သားသမီးများက စောင့်ကြိုနေပါသည်"ဆိုသည့် စာတန်းပါသော စတစ်ကာလေးများယာဉ် မောင်းတိုင်း၏ ရှေ့တွင်ပြန်၍ မြင်တွေ့လိုပါသည်။ စည်းကမ်းလိုက်နာခြင်းဖြင့် ဘေးကင်းနိုင်ကြသည်ကို အစဉ်အမြဲ သတိပြုမိစေချင်လှပါတော့သည်။ ။

# အရှေ့ကိုလျှောက်ပါလို့...အနောက်ကိုတဲ့ မျှော်လိုက်ရင်... ဘယ်စာကိုဘယ်လို မောင်သင်မတုန်းလို့...

## သွယ်သွယ်မျိုးညွန့်

မိဘတွေက သားသမီးတွေကို ကျောင်းနေအရွယ်တစ်လျှောက်လုံး သတိပေးသလိုတစ်မျိုး၊ အားပေးသလိုတစ်မျိုး အမြဲပြောလာခဲ့ကြတဲ့ စကားတစ်ခွန်းကတော့ ဆယ်တန်းအောင်အောင်လုပ် ဆယ်တန်းအောင်မှ ကိုယ်ဖြစ်ချင်တာ၊ လုပ်ချင်တာလုပ်နိုင်မှာဆိုတာပါပဲ။ ဆယ်တန်းအောင်တယ်ဆိုတာ တစ်ဘဝစာလုံးရဲ့ အရေးကြီးတဲ့ အချိုးကွေ့တစ်ကွေ့ကို ကျော်လွှားရသလိုပဲ၊ ကျောင်းသားကျောင်းသူ အားလုံးက အထက်တန်းပညာရေးစာသင်သက် တစ်လျှောက်လုံး ခံယူခဲ့ကြရတာမဟုတ်ပါလား။ တကယ်တမ်း ဆယ်တန်းအောင်ပြီဆိုတော့လည်း တစ်ခါဆယ်တန်းအောင်ရုံရှိသေးတာလို့ ဆယ်တန်းအောင်တဲ့ကိစ္စက ဘဝအတွက် အသေးအဖွဲ့ကိစ္စလေး ဖြစ်ရပြန်ပါတယ်။ ဘာဖြစ်လို့များ ဆယ်တန်းဟာမအောင်ခင်မှာ သိပ်အရေးကြီးပြီး အောင်ပြီးနောက်တော့လည်း သိပ်ပြီးအရေးမကြီးပြန်ဘူး ဖြစ်ရတာပါလဲလို့ စဉ်းစားတတ်သလောက် စဉ်းစားကြည့်မိပါတယ်။

တကယ်တော့ ဆယ်တန်းအထိသင်လာခဲ့ရတဲ့ ပညာတွေက အလကားဖြစ်သွားရတာမဟုတ်ဘူးဆိုတာကို ကျောင်းသား ကျောင်းသူတိုင်းလည်း လက်ခံကြမယ်လို့ ထင်မိပါတယ်။ အရောင်းအဝယ်လုပ်မယ့်သူတစ်ယောက်က အခြေခံသင်္ချာ၊ အပေါင်းအနုတ် သဘောတရားကိုမဖြစ်မနေနားလည်ဖို့လိုသလို ခရီးသွားအေဂျင်စီလုပ်ချင်တဲ့သူအတွက်လည်း ကိုယ့်ရေမြေ ပထဝီအနေအထားကို နားလည်ထားဖို့က တကယ်ကို အရေးပါတာပဲ မဟုတ်ပါလား။ ဒါဟာ ခရီးသွားလုပ်ငန်းအတွက် သင်္ချာဘာသာရပ်ကို နားလည်စရာမလိုဘူးလို့ ဆိုလိုရင်းမဟုတ်ဘဲ အရောင်းအဝယ်လုပ်ငန်းအတွက်လည်း ပထဝီရေမြေ အနေအထားတွေ လေ့လာစရာမလိုဘူးလို့ ဆိုတာမဟုတ်ပြန်ပါဘူး။ တကယ်ဆို ဘယ်သူကဘယ်လိုလုပ်ငန်းအတွက်၊ ဘယ်သူက ဘယ်လိုပညာရှင်ဆိုတာမျိုး သတ်မှတ်မွေးလာတာမျိုးမဟုတ်လေတော့ သိသင့်သိထိုက် နားလည်သင့်နားလည်ထိုက်တဲ့ နယ်ပယ်အသီးသီးအတွက် အခြေခံသဘောတရားတွေကို ဆယ်ကျော်သက်ရွယ်အထိတိုင်အောင် ဆယ်တန်းအထိပညာရေးအနေနဲ့ သတ်မှတ်သင်ယူကြရတာ တကယ့်ကို သဘာဝကျလှပါတယ်။ နောက်ထပ်လေ့လာသင်ယူရမယ့် ပညာရပ်တွေအတွက်လည်း တကယ့်ကိုအဖိုးတန် အခြေခံပညာရေးတစ်ရပ် ဖြစ်လို့နေတာအမှန်ဆိုတော့ ဆယ်တန်းပညာရေးက ဘဝအတွက် အရေးကြီးတယ်ဆိုတာ ငြင်းလို့မရတဲ့အချက်လို့ပဲ ဆိုချင်ပါတယ်။

ဒါပေမယ့်လည်းဒီလိုအခြေခံသဘောတရားသိနားလည်ရုံလောက်နဲ့ လုပ်ငန်းခွင်နယ်ပယ်တစ်ရပ်ရပ်ကို ဦးဆောင်လုပ်ကိုင်ဖို့ကျတော့ လုံလောက်ပြီလို့ မဆိုနိုင်လောက်ပါဘူး။ ဒါကြောင့်မို့လည်း လုပ်ငန်းခွင်ဆီသွားဖို့ရာအတွက် သူနဲ့သက်ဆိုင်တဲ့ သီးသန့်ဘာသာရပ်ကို အထူးပြုသင်ကြားပေးတဲ့ တက္ကသိုလ်ပညာတစ်ရပ်ကို ဆက်ပြီးသင်ယူကြရတော့တာပါ။ တက္ကသိုလ်ပညာသင်ယူတယ်ဆိုရာမှာ ဘဝတက္ကသိုလ်ကြီးကနေသင်ယူတယ်လို့ ကြားထားသိထားရတာမျိုးကိုလည်း သိပ်သဘောကျမိသူတစ်ယောက်အနေနဲ့ လုပ်ငန်းခွင်ဆီသွားဖို့ရာအတွက် တက္ကသိုလ်ပညာသင်ယူတာနဲ့ လက်တွေ့ဘဝထဲက လုပ်ငန်းခွင်ကို ဝင်ရောက်သင်ယူလိုက်တာနဲ့ အကျိုးသက်ရောက်မှုချင်းတူလေမလားလို့လည်း အတွေးပွားမိပါတယ်။

ဟိုအရင် ၁၉ရာစု၊ ၂၀ရာစုလောက်ဆီကဆိုရင်တော့ လုပ်ငန်းခွင်ဆီ ချက်ချင်းဝင်ပြီး အတွေ့အကြုံယူ။ နောက်တော့ လုပ်ငန်းခွင်ကို ကျွမ်းကျွမ်းကျင်ကျင်ဦးစီးနိုင်လာတဲ့သူနဲ့ တက္ကသိုလ်ပညာရပ်ကိုသင်ယူပြီးမှ လုပ်ငန်းခွင်ကို ဦးစီးလုပ်ကိုင်သူတို့ လုပ်နန်းကိုအောင်မြင်အောင်လုပ်ကိုင်နိုင်ပုံချင်းမှာ ရာနှုန်းအများကြီးတော့ သိပ်မကွာနိုင်လောက်ဘူးလို့ ထင်မိပါတယ်။ ဒီအခြေအနေနှစ်ခုကို ခုခေတ်ကြီးရဲ့ နည်းပညာဖွံ့ဖြိုးမှုတွေနဲ့ နှိုင်းယှဉ်ကြည့်မိတဲ့အခါမှာတော့ လုပ်ငန်းခွင်မှာတစ်ဆင့်ချင်းသင်ယူတာနဲ့ အဲဒီလုပ်ငန်းခွင်နယ်ပယ်အတွက် လိုအပ်တဲ့သဘောတရားဘာသာရပ်တွေကို ခေတ်မီနည်းပညာတွေနဲ့ ပေါင်းစပ်ပြီးသင်ပေးတဲ့ တက္ကသိုလ်မှာတက်ပြီး သင်ယူလိုက်တာက အချိန်အရရော အတွေးအခေါ်သဘောတရားအရပါ အငတ်ကြီးကိုကွာခြားသွားလိမ့်မယ်လို့ ထင်မြင်လာမိရပါတော့တယ်။

ဟုတ်ပါတယ်။ ကိုယ်ဟာ ဓာတ်ပုံရိုက်သူတစ်ယောက်ဆိုပါတော့။ ပုံကောင်းတစ်ပုံရဖို့ရာအတွက် ကိုယ့်ရဲ့ အနုပညာခံစားနိုင်စွမ်းအား အတွေ့အကြုံဆိုတာတွေနဲ့တင် ပြီးပြည့်စုံကျေနပ်နေလို့ ရတဲ့ခေတ်မဟုတ်တော့ပါဘူး။ ကိုယ်အသုံးပြုမယ့် ကင်မရာရဲ့ နည်းပညာပိုင်းဆိုင်ရာတွေကို နားလည်သဘောပေါက်ဖို့ကလည်း မရှိမဖြစ်လိုအပ်တဲ့ ပညာရပ်ဖြစ်လာပြီး ဓာတ်ပုံကို ပြုပြင်ခြင်းဆိုင်ရာ နည်းပညာတွေကလည်း ထပ်ဆင့်လိုအပ်လာပြန်သေးတာပါ။ ပြီးတော့ တစ်ခါ အဲဒီနည်းပညာတွေ အသုံးပြုရတဲ့ ဒစ်ဂျစ်တယ်ပစ္စည်းတွေဆိုတာကလည်း တစ်နှစ်ကို တစ်ခါလောက် အဆင့်မြှင့်တီထွင်နေကြတာမဟုတ်ပါလား။ ဒီလိုနည်းပညာတွေကိုပေါင်းစပ်ပြုစုထားတဲ့ တက္ကသိုလ်ပညာရပ်နဲ့ သက်ဆိုင်ရာ ကျွမ်းကျင်တဲ့ ဆရာတွေဆီကနေ နှစ်အနည်းငယ်အတွင်းမှာ သင်ယူလိုက်တာက ကိုယ်တိုင်လုပ်ငန်းခွင်မှာ နှစ်တွေအကြာကြီး လေ့လာသင်ယူနေတာထက်တော့ အများကြီးပိုလို့ အကျိုးဖြစ်ထွန်းမယ်လို့ ပြောလို့ရနိုင်ပါလိမ့်မယ်။

ဒါတောင်မှ ဆယ်စုနှစ် တစ်စုအတွင်းမှာနည်းပညာတွေ ခပ်မြန်မြန် ပြောင်းလဲတိုးတက်နေတဲ့ ခေတ်ကြီးထဲ တက္ကသိုလ်ပညာရပ်ကို ပြီးမြောက်အောင် သင်ယူထားပြီး ပြီဆိုပြီး ရပ်ထားလိုက်လို့ မဖြစ်ဘဲ နောက်ထပ် နောက်ထပ် လေ့လာနေနိုင်မှ ခေတ်ကြီးနဲ့မီတဲ့ လုပ်ငန်းခွင် စီမံခန့်ခွဲမှုတွေကို ပြောင်းလဲလုပ်ကိုင်နိုင်မှာပါ။ တက္ကသိုလ်တက်ပြီးသူက တက္ကသိုလ်ပညာရပ်နဲ့တင် ပြီးပြည့်စုံကျေနပ်နေလို့ မရသလိုဘဲ တက္ကသိုလ်ပညာရပ်ဆိုတာကလည်း ဆယ်စုနှစ်အလိုက်ကို ခေတ်နဲ့အညီ ပြုပြင်ဖြည့်စွက်တာမျိုးတွေရှိဖို့လည်း လိုအပ်လာမလားရယ်ပါ။

ဒီလိုမျိုးတက္ကသိုလ်ပညာရပ်တွေကို ဆယ်စုနှစ်တိုင်း ဆယ်စုနှစ်တိုင်း ပြုပြင်ဖြည့်စွက် ပြောင်းလဲသင်ကြားတာရယ်၊ ကျောင်းသား ကျောင်းသူ ဆယ်ကျော်သက်အရွယ်လေးတွေအားလုံးပဲ ကိုယ်သင်ယူချင်တဲ့ တက္ကသိုလ်ပညာရပ်ကို လွယ်လွယ်ကူကူသင်ယူနိုင်ခွင့်ရဖို့ရယ်ဆိုတာက အလှမ်းဝေးတဲ့ မျှော်လင့်ချက်တစ်ခုတော့လည်း ဟုတ်မယ်မထင်မိပါဘူး။ တကယ်ဆို လူသားမျိုးနွယ်တွေအားလုံးရဲ့ ရှင်သန်နေထိုင်မှုပုံစံမှာကိုက အရွယ်ရောက်ရင် အိမ်ရာထူထောင် သားသမီးရတနာလေးတွေ မွေးဖွားပြုစု၊ ဒီလိုသားသမီးတွေကကိုယ့်တိုင်းပြည်ကို ပြန်လည်ပြုစုပျိုးထောင်နဲ့ ကိုယ်နေထိုင်ရာ ကိုယ်ရှင်သန်ရာကမ္ဘာမြေကြီးကို ပိုလို့စည်ပင်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားနေကြရတာပဲ မဟုတ်ပါလား။

ကမ္ဘာမြေကြီးရဲ့ တူညီတဲ့ ရည်ရွယ်ချက်ပန်းတိုင်တစ်ခုဖြစ်တဲ့ သားသမီးရင်နှစ်သည်းချာလေးတွေရဲ့ အဆီးအတားမရှိပညာသင်ယူနိုင်ရေးကို နှောင့်နှေးစေမယ့်၊ အခက်အခဲဖြစ်စေမယ့် အကြောင်းအချက်တွေအားလုံးက ကိုယ့်တိုင်းပြည်အနာဂတ်ကို ကိုယ်တိုင်ပြန်ပိတ်ပင်သလို ဖြစ်နေလေမလားရယ်လို့ စိုးရိမ်မိရပါတယ်။ တကယ်တော့လည်း အနာဂတ်ကလေးငယ်များရဲ့ လွတ်လပ်တဲ့ ပညာရေးပန်းတိုင်က အခုလိုဒီမိုကရေစီကိုကမ္ဘာနဲ့ တစ်ဝန်းလိုလားကျင့်သုံးနေတဲ့ ခေတ်အခါကြီးမှာ ဘယ်လိုနည်းနဲ့မှ ဝေးဖို့ရာအကြောင်းမရှိဘူးလို့ ယုံကြည်မိရပါတော့တယ်။ ။

# ရန်ကုန်တက္ကသိုလ်၌ ကျောင်းသားသမဂ္ဂရုံးခန်း ဖွင့်လှစ်

## သမဂ္ဂ၏လုပ်ဆောင်ချက်များကို ကန့်သတ်မှုမရှိဘဲ လုပ်ဆောင်နိုင်ကြောင်း ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်း ပြောကြား

သတင်းဆောင်းပါး – ခင်မောင်ထွေး၊ ဝင်းဝင်းမော်၊ နန္ဒာဝင်း
ဓာတ်ပုံ – ဇော်မင်းလတ်၊ ရဲထွဋ်

တစ်ချိန်က ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌများဖြစ်ကြသည့် ကိုအောင်ဆန်းနှင့် ကိုဗဟိန်းတို့၏ဓာတ်ပုံများက ရန်ကုန်တက္ကသိုလ် သိပ္ပံဆောင်ရှိခန်းမတစ်ခု၏ ဘေးတစ်ဖက်တစ်ချက်တွင် ဝင့်ထည်ခန့်ညားစွာနေရာယူလျက်ရှိသည်။

အဆိုပါ မြင်ကွင်းက ရန်ကုန်တက္ကသိုလ် သိပ္ပံဆောင်၌ ယနေ့ညနေ ၄ နာရီက ဖွင့်လှစ်သည့် ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ ရုံးခန်းဖွင့်ပွဲ အခမ်းအနားတွင် ဖြစ်သည်။

"နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မှာလိုက်ပါတယ်။ ရှေ့ကိုကြည့်ဖို့၊ ကိုယ့်အနာဂတ်ကောင်းမွန်ဖို့နဲ့ တိုင်းပြည်ရဲ့အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ကိုဆက်လက်ချီတက်သွားဖို့ လိုပါတယ်လို့ မှာကြားလိုက်ပါတယ်"ဟု ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ ရုံးခန်းဖွင့်ပွဲအခမ်းအနားတွင် ပြောသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက "ဇွန် ၂၆ ရက်က ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂရုံးခန်းဖွင့်ဖို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကို တင်ပြပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အမည်တပ်ရုံရုံးခန်းမဟုတ်ဘဲ သမဂ္ဂကျောင်းသား ကျောင်းသူတွေနဲ့ လိုက်လျောညီထွေဖြစ်တဲ့ အခန်း၊ လိုအပ်တဲ့စားပွဲ၊ လိုအပ်တဲ့ပစ္စည်းတွေ ဖြည့်ဆည်းဆောင်ရွက်ပေးဖို့ လမ်းညွှန်ပါတယ်"ဟုပြောသည်။

၈၈ ကျောင်းသားလှုပ်ရှားမှုများတွင်ပါဝင်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်နေသူ ဦးဖြိုးမင်းသိန်းက ယခုလိုရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂရုံးခန်းဖွင့်လှစ်နိုင်ခြင်းသည် အရေးကြီးသည့် သမိုင်းမှတ်တိုင်သစ်တစ်ရပ်ဖြစ်ကြောင်း သတင်းမီဒီယာများအား ပြောကြားသည်။

၈၈ ကျောင်းသားလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က ပြန်ပြောင်းပြောဆိုရာတွင် "ကျွန်တော်တို့ ကျောင်းတက်ခဲ့စဉ်ကာလမှာ ကျောင်းသားလှုပ်ရှားမှုကြီး ပေါ်ပေါက်ခဲ့ပါတယ်။ မြန်မာနိုင်ငံ ဒီမိုကရေစီအရေး ပြုပြင်ပြောင်းလဲဖို့အတွက် ရှည်လျားတဲ့ သမိုင်းမှာပါဝင်ခဲ့တဲ့ ကျောင်းသားလှုပ်ရှားမှုကြီးဖြစ်ပါတယ်။ ကျောင်းသားသမဂ္ဂ တရားဝင်ရပ်တည်ခွင့်ရဖို့ပြုလုပ်ခဲ့တဲ့ ကျောင်းသားလှုပ်ရှားမှုကြီး ဖြစ်ပါတယ်။




ရန်ကုန်တက္ကသိုလ် သိပ္ပံဆောင်ရှိ ကျောင်းသားသမဂ္ဂရုံးခန်းအား တွေ့ရစဉ်။

ကျောင်းသားသမဂ္ဂအဆောက်အအုံကြီးနေရာမှာ ကျောင်းသားတွေရဲ့ စုစည်းတဲ့နေရာတစ်ခုအဖြစ် ပြန်လည်ပေါ်ထွန်းဖို့ ကျွန်တော်တို့ လမ်းမပေါ်ထွက်ခဲ့ကြပါတယ်။ ဒီကနေတစ်ဆင့် မြန်မာနိုင်ငံတစ်ဝန်း ဒီမိုကရေစီရရှိရေး၊ ပါတီစုံဒီမိုကရေစီစနစ် ထူထောင်ရေးဆိုတဲ့ နိုင်ငံရေးလှုပ်ရှားမှုကြီးအဆင့်ထိ တိုးမြှင့်ခဲ့ပါတယ်။ အခုတော့ ကျွန်တော်တို့နိုင်ငံက ဒီမိုကရေစီနိုင်ငံတော်လမ်းကြောင်းပေါ်ကို ရောက်ရှိနေပြီဖြစ်ပါတယ်။ ဒီမိုကရေစီပန်းတိုင်ကိုရောက်ဖို့ ဆက်လက်ရုန်းကန်ကြရဦးမှာဖြစ်ပါတယ်"ဟု ဆိုသည်။



ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂရုံးခန်းဖွင့်ပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် အဖွင့်အမှာစကား ပြောကြားစဉ်။

သို့အတွက် ဤနေရာတွင် ယခုကဲ့သို့ ရပ်တည်ခွင့်ရသည့်အတွက် ကျောင်းသားသမဂ္ဂ၏ ခွပ်ဒေါင်းအလံကိုကိုင်ရင်း တိုက်ပွဲဝင်ခဲ့သော ကျောင်းသားခေါင်းဆောင်များကို ဤနေရာကဦးညွှတ်ပါသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ရန်ကုန်တက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူ ၃၀၀၀ ကျော် ပညာသင်ကြားလျက်ရှိပြီး လက်ရှိရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်က ဖွဲ့စည်းခဲ့ကာ သမဂ္ဂအဖွဲ့ဝင် ကျောင်းသားကျောင်းသူ ၅၀ ရှိကြောင်း သိရသည်။

ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌဖြစ်သူ မအိဆွေမြတ်က "ရုံးခန်းရဖို့ ကြိုးစားခဲ့တာတော့ နှစ်နဲ့ချီနေပါပြီ။ အရင်တုန်းကတော့ အခြေအနေအရပ်ရပ်ကြောင့် အဆင်မပြေခဲ့ပါဘူး။ အခုအချိန်မှာတော့ ရုံးခန်းရပြီ။ ကျောင်းသားတွေအတွက် ရုံးခန်းမှာထိုင်ပြီး အေးအေးဆေးဆေးလုပ်ဆောင်စရာကိစ္စတွေကို ကျောင်းနဲ့ပူးပေါင်းဆောင်ရွက်သွားမှာပါ။ ဝမ်းသာပါတယ်"ဟုဆိုသည်။

ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ၏ လက်ရှိမူဝါဒနှင့်ပတ်သက်၍ ဗဟိုအလုပ်အမှုဆောင် ကိုဝင်းလွင်အောင်က " Student First Policy ပါ။ ကျောင်းတွေအကုန်လုံးကို ကိုယ်စားမပြုနိုင်သေးတဲ့အချိန်မှာ ကျောင်းသားတွေ ဘာလိုချင်သလဲဆိုတဲ့အသံကို ကျွန်တော်တို့ ရအောင်နားထောင်ပါတယ်။ ကျောင်းသားတွေ ဖြစ်ချင်တာတွေကိုလုပ်ပေးဖို့အတွက် ကျောင်းသားဆန္ဒကို အဓိကထားတဲ့ မူဝါဒနဲ့ သွားပါတယ်"ဟု ပြောသည်။

လက်ရှိအစိုးရသစ်လက်ထက်တွင် ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂရုံးခန်းပြန်လည်ပေါ်ပေါက်လာခြင်းသည် သမိုင်း၏အလှည့်အပြောင်းတစ်ရပ်ဟု ဆိုရပေမည်။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အစဉ်အလာကြီးမားခဲ့သည့် ကျောင်းသားသမဂ္ဂအဆောက်အအုံ ပြန်လည်တည်ဆောက်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တော်လှန်ရေးကောင်စီခေတ် ၁၉၆၂ ခုနှစ် ဇူလိုင် ၇ ရက် ကျောင်းသားလှုပ်ရှားမှုနှင့်အတူ ဇူလိုင် ၈ ရက် နံနက်တွင် ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂအဆောက်အအုံမှာ ဖြိုခွဲဖျက်ဆီးခံခဲ့ရခြင်းဖြစ်ရာ ယင်းဖြစ်စဉ်နှင့် စပ်လျဉ်း၍ ၁၉၈၈ ခုနှစ် ဇူလိုင် ၂၃ ရက်က ကျင်းပသည့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အရေးပေါ်ပါတီညီလာခံ၌ ထိုစဉ်က ပါတီဥက္ကဋ္ဌဖြစ်သူ ဦးနေဝင်းက ၎င်း၏နှုတ်ခွန်းဆက်မိန့်ခွန်းတွင် သမဂ္ဂအဆောက်အအုံ ဖောက်ခွဲဖျက်ဆီးရန် ၎င်းအနေဖြင့် အမိန့်မပေးခဲ့ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ကျောင်းသားသမဂ္ဂ စည်းကမ်းတကျဖွဲ့စည်းနိုင်ရေးနှင့် ကျောင်းသားသမဂ္ဂအဆောက်အအုံ ပြန်လည်တည်ဆောက်ရေးအတွက်လည်း နိုင်ငံတော်သမ္မတ ဒေါက်တာမောင်မောင်က ၁၉၈၈ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် "ကျောင်းသားလူငယ်များက ကျောင်းသားသမဂ္ဂဖွဲ့စည်းရေးကို တောင်းဆိုနေကြပါတယ်။ ကျောင်းသားသမဂ္ဂ စည်းကမ်းတကျဖွဲ့စည်းဖို့ ကျွန်တော်တို့ သဘောတူပါတယ်။ ၁၉၆၂ က ဖြိုခွဲခြင်းခံခဲ့ရတဲ့ တက္ကသိုလ်ကျောင်းသားသမဂ္ဂအဆောက်အအုံကို ကျွန်တော်တို့ ပြန်လည်တည်ဆောက်ပေးပါမယ်။ အေးချမ်းတည်ငြိမ် စိုးရိမ်ဒေါသကင်းတဲ့ မကြာသောတစ်နေ့မှာ ကျွန်တော်တို့ ပျော်ပျော်ပါးပါး အဆောက်အအုံအုတ်မြစ်ချပွဲကျင်းပကြရအောင်"ဟု တိုင်းပြည်သို့ မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထိုသို့ ပြောကြားခဲ့သော်လည်း ကျောင်းသားသမဂ္ဂဖွဲ့စည်းနိုင်ရေးနှင့် ကျောင်းသားသမဂ္ဂ အဆောက်အအုံ ပြန်လည်တည်ဆောက်ရေးမှာ အကြောင်းကြောင်းကြောင့် အကောင်အထည်ပေါ်မလာခဲ့ချေ။ ယခုမူ သမိုင်း၏ အလှည့်အပြောင်းတစ်ရပ်အဖြစ် ပြန်လည်ပေါ်ပေါက်လာပေတော့မည်။

"အခု ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂအဆောက်အအုံအတွက်လည်း ပညာရေးဝန်ကြီးဌာန ဘတ်ဂျက်ကရှိပြီးပါပြီ"ဟု ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂရုံးခန်းဖွင့်ပွဲတွင် အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

ယနေ့ ဖွင့်လှစ်လိုက်သည့် ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂရုံးခန်းသည် ရန်ကုန်တက္ကသိုလ် သိပ္ပံဆောင်ရှိခန်းမတစ်ခုတွင် ဖွင့်လှစ်ထားရှိသည်။

တစ်ချိန်က ကျောင်းသားသမဂ္ဂတွင်ပါဝင်ခဲ့သူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က "ရန်ကုန်တက္ကသိုလ်ထွန်းပြောင်ဖို့ ကြိုးစားသလို ကျောင်းသားသမဂ္ဂ ထွန်းပြောင်ဖို့လည်းလိုပါတယ်"ဟု ဆိုသည်။

ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းက ရန်ကုန်တက္ကသိုလ်သမဂ္ဂ၏ လုပ်ဆောင်ချက်များကိုကန့်သတ်မှုမရှိဘဲ လွတ်လွတ်လပ်လပ် လုပ်ဆောင်နိုင်ကြောင်း မြန်မာ့သတင်းစဉ်၏ သီးခြားမေးမြန်းမှုကို ပြန်လည်ဖြေကြားသည်။

ရန်ကုန်တက္ကသိုလ် သမဂ္ဂရုံးခန်းတည်ရှိရာ သိပ္ပံဆောင်အနီးရှိ ရန်ကုန်တက္ကသိုလ်၏ အထင်ကရသစ်ပုပ်ပင်ကြီးကမူ ယနေ့ကျင်းပသည့် သမိုင်းဝင်အခမ်းအနားကို ကျေနပ်ပီတိ ဖြစ်နေပါလိမ့်မည်။

"ဒီနေရာကနေ ရန်ကုန်တက္ကသိုလ် ဖွံ့ဖြိုးတိုးတက်ရေး၊ ရန်ကုန်တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးနဲ့ နိုင်ငံတော်ရဲ့ လူမှုစီးပွားစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်တဲ့ ထူးချွန်ထက်မြက်ပြီး နိုင်ငံတကာနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ လူငယ်မောင်မယ်များမွေးထုတ်ပေးနိုင်ပါစေ"ဟူသည့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဆုတောင်းစကားကလည်း ခေတ်အဆက်ဆက် ကျောင်းသားလှုပ်ရှားမှုများတွင် ပါဝင်ခဲ့သူ ကျောင်းသားသမဂ္ဂခေါင်းဆောင်များနှင့် သမဂ္ဂအဖွဲ့ဝင် ကျောင်းသားများအတွက် ကျေနပ်စရာပင်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂယာမြို့ရှိ သမိုင်းဝင် ဗုဒ္ဓဝင်အထိမ်းအမှတ်နေရာများအား ဖူးမြော်



**နေပြည်တော် ဇူလိုင် ၉**
အိန္ဒိယသမ္မတနိုင်ငံ ဂယာမြို့၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၈ ရက် မွန်းလွဲပိုင်းတွင် ဂယာမြို့အတွင်းရှိ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ အထိမ်းအမှတ်နေရာများ၊ ဘုရားကျောင်းဆောင်များနှင့် စေတီတော်များအား လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။

ယနေ့နံနက်ပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးသည် ဂယာမြို့ရှိ ဂျပန်နိုင်ငံမှ တည်ထား ကိုးကွယ်သော ဂျပန်ဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဂယာမြို့မှ အာမက်ဒါဘတ်မြို့သို့ အိန္ဒိယ တပ်မတော်အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြပြီး ဒေသစံတော်ချိန် ညနေ ၄ နာရီ ၁၅ မိနစ်တွင် အာမက်ဒါဘတ်မြို့လေဆိပ်သို့ ရောက်ရှိကြရာ လေဆိပ်တွင် အမှတ်(၁၁)တပ်မမှူး Maj. Gen. ANIL PURI နှင့်ဇနီး၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာစာအုပ် ၁၀၀ စာစဉ်ထုတ်ဝေရေး ညှိနှိုင်းဆွေးနွေး



**ရန်ကုန် ဇူလိုင် ၉**
မြန်မာစာအုပ် ၁၀၀ စာစဉ်ထုတ်ဝေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မြန်မာစာပေတွင် တန်ဖိုးရှိသည့် အကောင်းဆုံးစာအုပ် စာပေများကို ယခင် အစဉ်အဆက် ကတည်းက ပုံနှိပ်ထုတ်ဝေခဲ့ကြောင်း၊ ဟားဗတ်တက္ကသိုလ်က Havard Classic ဆိုပြီး ကမ္ဘာ့စာပေထဲမှ အကောင်းဆုံးလက်ရာများကို စုစည်းပြီး ထုတ်ဝေခဲ့သလိုမျိုး အတုယူပြီး လုပ်ခြင်းဟု ပြော၍ရပါကြောင်း၊ မြန်မာစာအုပ် ၁၀၀ စာစဉ်ထုတ်ဝေရေးအတွက် တက်ရောက်လာကြသည့် စာပေပညာရှင်များကလည်း ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)နှင့် စာပေပညာရှင်များက မြန်မာစာအုပ် ၁၀၀ စာစဉ်ထုတ်ဝေရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးသည်။

**(သတင်းစဉ်)**

»»» စာမျက်နှာ ၅ မှ

ကျွန်တော်တို့ အတူတကွ ရှေ့ဆက်သွားရမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စီးပွားရေးနဲ့ နိုင်ငံရေးတိုးတက်မှုအရ သဘောထားကွဲလွဲမှုတွေရှိနေပေမယ့် ကျွန်တော်တို့ ၁၀ နိုင်ငံစလုံးက အချင်းချင်း အလိုက်အထိုက်နေထိုင်ရမှာဖြစ်ပါတယ်။ မတူညီမှုတွေကိုဖြေရှင်းဖို့ နည်းလမ်းတစ်ခု ကျွန်တော်တို့ ကြိုးစားရှာဖွေရမှာဖြစ်သလို ဘယ်နိုင်ငံကိုမှ နောက်မှာ မထားရစ်နိုင်ဘူးဆိုတာ ကျွန်တော်တို့စိတ်ထဲမှာ မှတ်ထားရမှာဖြစ်ပါတယ်။ ရှေ့ဆက်အတူလျှောက်လှမ်းဖို့နဲ့ အနာဂတ်မှာ အင်အားတောင့်တင်းဖို့ အဖွဲ့ဝင်နိုင်ငံတွေအားလုံးကို ကျွန်တော်တို့ လက်တွဲခေါ်ဆောင်ရမှာဖြစ်ပါတယ်။

**မေး။ ။ နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှု၊ လူကုန်ကူးမှုနဲ့ မူးယစ်ဆေးဝါးမှောင်ခိုကူးမှုလို စိန်ခေါ်မှုတွေလည်း ရှိနေပါတယ်။ ဒီစိန်ခေါ်မှုတွေကို ဘယ်လိုကိုင်တွယ်ဖြေရှင်းနိုင်ပါသလဲ။**

ဖြေ။ ။ ကျွန်တော်တို့နှစ်နိုင်ငံဟာ အလွန်ကိုနီးကပ်ပြီး နယ်နိမိတ်ချင်းထိစပ်နေတဲ့အတွက် နိုင်ငံတစ်နိုင်ငံရဲ့ ပြဿနာတွေက အခြားတစ်နိုင်ငံအတွင်းကို အလွယ်တကူ ရောက်ရှိသွားနိုင်ပါတယ်။ ဒါကြောင့် လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးနှိမ်နင်းမှု၊ ငွေကြေးရာဇဝတ်မှုနဲ့ အခြားကိစ္စတွေနဲ့ ပတ်သက်ပြီး မြန်မာနဲ့ထိုင်း သက်ဆိုင်ရာအာဏာပိုင်တွေကြား ဖိုရမ် ဒါမှမဟုတ် အုပ်စုလိုက်ဆွေးနွေးပွဲတစ်ခု ကျင်းပသင့်ပါတယ်။ ဖိုရမ်တစ်ခုကျင်းပရင် အဖွဲ့အစည်းတစ်ခုဖြစ်ပေါ်လာပြီး သတင်းအချက်အလက်တွေ မျှဝေနိုင်ပါတယ်။ သတင်းအချက်အလက် မျှဝေခြင်းက ဒီပြဿနာကိုင်တွယ်ဖြေရှင်းရာမှာ အရေးကြီးတဲ့ အချက်တစ်ခုဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သတင်းအချက်အလက်တွေကို မျှဝေမယ်ဆိုရင် ပြည်သူတွေ ပြန်လည်ရောက်ရှိလာပါလိမ့်မယ်။ ဒီလို တရားမဝင်လုပ်ဆောင်ချက်ကို ရပ်တန့်နိုင်ပါတယ်။ အာဆီယံဒေသမှာ စံတစ်ခုအဖြစ် ဆောင်ရွက်နိုင်တဲ့ ပုံမှန်ကျင်းပတဲ့ သတင်းအချက်အလက်မျှဝေခြင်း အစည်းအဝေးတွေကို ကျွန်တော်တို့ အားပေးပါတယ်။

**မေး။ ။ ထိုင်းနိုင်ငံက မြန်မာရွှေ့ပြောင်းလုပ်သားတွေနဲ့ ပတ်သက်ပြီး သံအမတ်ကြီးအနေနဲ့ ဘာများပြောချင်ပါသလဲ။**

ဖြေ။ ။ မကြာသေးခင်က ရွှေ့ပြောင်းလုပ်သားတွေနဲ့ပတ်သက်ပြီး ပြဿနာတွေဖြစ်ခဲ့တယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါပေမယ့် အခုချိန်မှာ ထိုင်းနိုင်ငံအနေနဲ့ ပြဿနာကို ကိုင်တွယ်ဖြေရှင်းဖို့ ကြိုးစားနေပြီး ဒီကိစ္စကို သက်သက်ညှာညှာနဲ့ ကိုင်တွယ်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီပြဿနာကို ဥပဒေနဲ့ကိုင်တွယ်ဖို့ ရည်ရွယ်ချက်မရှိပေမယ့် အမှန်တကယ်တော့ ကျွန်တော်တို့ ဒီပြဿနာကို စနစ်တကျကိုင်တွယ်ဖြေရှင်းချင်လို့ဖြစ်ပါတယ်။ ထိုင်းနိုင်ငံမှာ အလုပ်လုပ်ကိုင်နေတဲ့ မြန်မာရွှေ့ပြောင်းလုပ်သားတွေအားလုံးအနေနဲ့ တရားဝင်မှတ်ပုံတင်မယ်ဆိုရင် သူတို့ကို ပိုမိုကောင်းမွန်ပြီး အကျိုးဖြစ်ထွန်းတဲ့နည်းလမ်းနဲ့ ကျွန်တော်တို့ စောင့်ရှောက်နိုင်မှာဖြစ်ပါတယ်။ တရားဝင်မှတ်ပုံတင်ထားခြင်းမရှိရင် သူတို့ကို အကူအညီပေးဖို့ ကျွန်တော်တို့အတွက် အလွန်ကိုခက်ခဲပါတယ်။ တရားဝင်မှတ်ပုံတင်ထားမှသာ ပြဿနာတစ်စုံတစ်ရာဖြစ်ရင် မြန်မာနိုင်ငံရဲ့ သက်ဆိုင်ရာဝန်ကြီးဌာနက သူတို့ကို ကူညီပေးနိုင်မှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ထိုင်းနိုင်ငံက မြန်မာလုပ်သားတွေရဲ့ပြဿနာက ထိုင်း-မြန်မာဆက်ဆံရေးအတွက် အရေးပါဆုံးကိစ္စရပ်အဖြစ် ထိုင်းအစိုးရနဲ့ ဝန်ကြီးချုပ်တို့က ရှုမြင်ထားပါတယ်။ ဒါကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနတွေအားလုံးနဲ့ အလုပ်သမားသက်သာချောင်ချိရေးဌာနက ညွှန်ကြားရေးမှူးချုပ်တို့က ထိုင်းအစိုးရရဲ့မူဝါဒကို ကောင်းစွာ သိရှိပါတယ်။ ဒါကြောင့် အရာရာတိုင်းဟာ အဆင်ပြေစေဖို့ သူတို့ ဥပဒေနဲ့အညီ ဆောင်ရွက်တာဖြစ်ပါတယ်။ အရာရာတိုင်းဟာ အဆင်ပြေမယ်ဆိုရင် လူကုန်ကူးမှုပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်မှာဖြစ်ပြီး တရားဝင်မှတ်ပုံတင်ထားခြင်းမရှိရင် အလွယ်တကူပဲ လူကုန်ကူးခံရတဲ့သူတစ်ယောက်ဖြစ်လာနိုင်ပါတယ်။ မြန်မာမိတ်ဆွေတွေကို ပိုမိုကောင်းမွန်ပြီး အကျိုးဖြစ်ထွန်းတဲ့နည်းလမ်းနဲ့ ကျွန်တော်တို့ စောင့်ရှောက်နိုင်ပါတယ်။ ဒါပေမယ့် စည်းမျဉ်းသစ်နဲ့ပတ်သက်လို့ မစိုးရိမ်ပါနဲ့။ ဘာဖြစ်လို့လဲဆိုတော့ အခုချိန်မှာ ပြဿနာတွေကို ဖြေရှင်းပြီးဖြစ်တဲ့အပြင် သက်ညှာမှုပေးဖို့နဲ့ တရားဝင်မှတ်ပုံတင်ဖို့ မြန်မာလုပ်သားတွေအတွက် သင့်တော်တဲ့အချိန်တစ်ခုပေးဖို့ သက်ဆိုင်ရာတာဝန်ရှိသူတွေက အဖြေတစ်ခုရှာနေပါတယ်။

**မေး။ ။ ဒါဆိုရင် မြန်မာရွှေ့ပြောင်းလုပ်သားတွေက အခြေအနေမှန်ကို ပိုမိုသိရှိနားလည်လာမှာလား။**

ဖြေ။ ။ ဒီကိစ္စနဲ့ပတ်သက်လို့ ထိုင်းနိုင်ငံဝန်ကြီးချုပ်က အလုပ်သမားဝန်ကြီးဌာနကို ဖုန်းဆက်ခဲ့တဲ့အတွက် ဥပဒေနဲ့စည်းမျဉ်းသစ်ရဲ့ အကျိုးသက်ရောက်မှုခံရတဲ့ ထိုင်းနိုင်ငံက မြန်မာအလုပ်သမားတွေကိုကူညီဖို့ ကျွန်တော်တို့ အဖြေရှာရမှာဖြစ်ပါတယ်။

# ဓမ္မစကူးလ်ဂျာနယ်အတွက် စာမူများ ဖိတ်ခေါ်

**နေပြည်တော် ဇူလိုင် ၉**
ဓမ္မစကူးလ်ဂျာနယ်အတွက် ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အကြောင်းအရာများ၊ ဓမ္မစကူးလ်ဆိုင်ရာ အကြောင်းအရာများနှင့် ပတ်သက်သည့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ပုံပြင်၊ ကာတွန်းနှင့် သတင်းများပေးပို့ကြရန် ဖိတ်ခေါ်အပ်သည်။

ဓမ္မစကူးလ်ဂျာနယ်ကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီတွင် စတင်ထုတ်ဝေနေပြီဖြစ်၍ စာပေဝါသနာရှင်များနှင့် ဓမ္မစကူးလ်လုပ်ငန်း ဆောင်ရွက်နေကြသူများအနေဖြင့် ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုစသည့် အကြောင်းအရာများ၊ ဓမ္မစကူးလ်ဆိုင်ရာ အကြောင်းအရာများနှင့် ပတ်သက်သည့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ပုံပြင်၊ ကာတွန်းနှင့် သတင်းများကို ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ မူဝါဒလေးရပ်နှင့်အညီ ဓမ္မစကူးလ်ဂျာနယ် မြိတ်ကျားကျောင်း အိမ်တော်ရာဘုရားဝင်း မြို့မကျောင်းလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပေးပို့နိုင်ပြီး E-mail: dhammaschoolfoundation.2012@gmail.com နှင့် ၀၉-၇၈၁၂၈၅၃၁၉၊ ၀၉-၂၅၀၃၆၄၅၇၃ တို့သို့လည်း ဖုန်းဖြင့်လည်းကောင်း၊ Viber ဖြင့်လည်းကောင်း ဆက်သွယ်ပေးပို့နိုင်သည်။

စာမူများပေးပို့ရာတွင် စာရေးသူ၏အမည်၊ ကလောင်အမည်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာ၊ E-mail တို့ကို အပြည့်အစုံထည့်သွင်းပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **(သတင်းစဉ်)**



# ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီနှင့်အဖွဲ့ မြန်မာနိုင်ငံသို့ရောက်ရှိ

**ရန်ကုန် ဇူလိုင် ၉**
ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီနှင့်အဖွဲ့သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

မစ္စယန်ဟီလီ၏ ယခုခရီးစဉ်သည် မြန်မာနိုင်ငံသို့ ဆဋ္ဌမအကြိမ်လာရောက်ခြင်းဖြစ်သည်။ ခရီးစဉ်အတွင်း ရှမ်းပြည်နယ်မြောက်ပိုင်း(လားရှိုးမြို့)၊ ရခိုင်ပြည်နယ်ရှိ ကျောက်ဖြူ၊ စစ်တွေမြို့များသို့ သွားရောက်မည်ဖြစ်ပြီး ခရီးစဉ်နှင့် ပတ်သက်၍ ရန်ကုန်မြို့၌ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ၂၀၁၇ ခုနှစ် ဇူလိုင်လ ၁၉ရက် နှစ်(၇၀)ပြည့် အာဇာနည်နေ့ အခမ်းအနားကျင်းပစဉ် လမ်းကြောင်းပိတ်ဆို့ထားမှု၊ အာဇာနည်ဗိမာန်သို့ ဝင်ရောက်ရမည့်လမ်းကြောင်းသတ်မှတ်မှုနှင့် လုံခြုံရေးကို ထိခိုက်စေနိုင်မည့် ပစ္စည်းတစ်စုံတစ်ရာ ယူဆောင်ခွင့်မပြုကြောင်း သတ်မှတ်ကြေညာခြင်း

၁။ နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကို ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ ၂၀၁၇ခုနှစ် ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီတွင် စတင်ကျင်းပမည်ဖြစ်ရာ ဇူလိုင် ၁၈ ရက် ညနေ ၆ နာရီမှ ဇူလိုင် ၁၉ ရက် ညနေ ၆ နာရီထိ အောက်ဖော်ပြပါလမ်းကြောင်းများကို ဖြတ်သန်းသွားလာမှု ယာယီပိတ်ဆို့ထားမည်ဖြစ်ပါသည်-

(က) ဦးဝိစာရလမ်းနှင့် အနောက်ရွှေဂုံတိုင်လမ်းဆုံရာမှ အနောက်ရွှေဂုံတိုင်လမ်းအတိုင်း လင့်လမ်းနှင့် ဆုံရာအထိ။

(ခ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံဘုရားအရှေ့မုခ် စောင်းတန်းအထိ။

(ဂ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်ဗိမာန်သို့ တက်ရောက်ရာ အုတ်လှေကားလမ်းနှင့် ကျောက်ဆည်မွှာရုံဘေးလမ်းကြားများ။

၂။ အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားထားသော ဧည့်သည်တော်များသည် ရွှေတိဂုံတောင်ဘက်မုခ်မှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ်မှတစ်ဆင့် ရွှေတိဂုံမြောက်ဘက်မုခ်ရှိ အာဇာနည်ဗိမာန် ဝင်ပေါက်ဂိတ်(၂)မှ ဝင်ရောက်ပြီး အနောက်ရွှေဂုံတိုင်လမ်းသို့ ဂိတ်(၃)မှ ပြန်လည်ထွက်ခွာရမည်ဖြစ်ပါသည်။

၃။ ဇူလိုင် ၁၉ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီထိ အာဇာနည်ဗိမာန်သို့ အများပြည်သူလာရောက်ဂါရဝပြုနိုင်ရန် ဖွင့်လှစ်ထားမည်ဖြစ်ရာ လာရောက်ကြမည့် ပြည်သူများသည် အနောက်ရွှေဂုံတိုင်လမ်းမှတစ်ဆင့် အနောက်ရွှေဂုံတိုင်လမ်းနှင့် အာဇာနည်လမ်းဆုံရှိ ဂိတ်(၁)မှ ဝင်ရောက်၍ ဂိတ်(၂)မှတစ်ဆင့် အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ်စောင်းတန်းသို့ထွက်ခွာရမည်ဖြစ်ပါသည်။

၄။ အာဇာနည်ဗိမာန်နှင့် ဗိုလ်ချုပ်ပြတိုက်သို့ ဝင်ရောက်ဂါရဝပြုကြမည့်သူများသည် ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်/သံပိုက်/ကော်ပိုက်နှင့် ကြိုတင်စစ်ဆေးခံယူမှု မရှိသော လုံခြုံရေးကိုထိခိုက်စေနိုင်မည့် ပစ္စည်းတစ်စုံတစ်ရာ ယူဆောင်ခွင့်မပြုကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။

၅။ အာဇာနည်ဗိမာန်နှင့် ဗိုလ်ချုပ်ပြတိုက်သို့ ဝင်/ထွက်ရာ လမ်းကြောင်းနှင့် ဂိတ်များ၌ လုံခြုံရေးအရ ရှာဖွေစစ်ဆေးမှုများကို ပူးပေါင်းကူညီသောအားဖြင့် ကြည်ဖြူစွာ အစစ်ဆေးခံပေးကြပါရန်နှင့် သတ်မှတ်လမ်းကြောင်းမှသာ စည်းကမ်းတကျဝင်ရောက် ထွက်ခွာကြပါရန် မေတ္တာရပ်ခံပါသည်။

## အသိပေးကြေညာချက်

အာဇာနည်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက် ကြည့်ရှုလေ့လာမည့် မိဘပြည်သူများအနေဖြင့် အောက်ပါပစ္စည်းများကို ယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ဝင်ရောက်ခွင့်မပြုကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်-

- ❖ ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး
- ❖ ကင်မရာအမျိုးမျိုး
- ❖ လက်ကိုင်ဖုန်းအမျိုးမျိုး
- ❖ ဗီနိုင်းစအမျိုးမျိုး
- ❖ ပုလင်း/ဘူးအမျိုးမျိုး
- ❖ အလံအမျိုးမျိုး
- ❖ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့် သံပိုက်/ကော်ပိုက်များ
- ❖ လက်ကိုင်အိတ်အမျိုးမျိုး

၂၀၁၇ ခုနှစ်၊ နှစ်(၇၀)ပြည့် အာဇာနည်နေ့ အခမ်းအနား
လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ

# ကျွန်ရုပ်ရှင်ဇာတ်ကားနှင့်စပ်လျဉ်း၍ ရုပ်ရှင်ပိုင်းဆိုင်ရာ တာဝန်ရှိသူများက ပုဂံဒေသခံပြည်သူများကို တောင်းပန်ပွဲအခမ်းအနား ညောင်ဦး၌ ကျင်းပ

**ညောင်ဦး ဇူလိုင် ၉**

ညောင်ဦးတွင် ကျွန်ရုပ်ရှင်ဇာတ်ကားနှင့်စပ်လျဉ်း၍ ပုဂံဒေသနှင့် ပုဂံဒေသခံများ၏ ဂုဏ်သိက္ခာ ကျဆင်းစေခဲ့မှုအပေါ် အဆိုပါရုပ်ရှင်ပိုင်းဆိုင်ရာ တာဝန်ရှိသူများက ပုဂံဒေသခံပြည်သူများအား တောင်းပန်ပွဲအခမ်းအနားကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားတွင် ဒေသခံမြို့မိမြို့ဖများကိုယ်စား ဦးမောင်တင့်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ခိုင်တို့က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက ဒါရိုက်တာဦးနှင်းမိုး၊ ဥက္ကဋ္ဌ ဦးလူမင်းနှင့် ကျွန်ဇာတ်ကားဖန်တီးရိုက်ကူးခဲ့သူ ဒါရိုက်တာ ညွန့်မြန်မာညီညီအောင်တို့က ဇာတ်လမ်းနှင့်ပတ်သက်၍ ထိခိုက်နစ်နာစေခဲ့သည့် ဇာတ်စကားလုံး အသုံးအနှုန်းများကြောင့် ဒေသခံများ၏ ဂုဏ်သိက္ခာကျဆင်းစေခဲ့မှုအပေါ် တောင်းပန်စကားများ ပြောဆိုခဲ့သည်။ ထို့နောက် ပုဂံဒေသနှင့် ဒေသခံများကိုယ်စား အထက်တန်းရှေ့နေ ဦးမြအောင်က ရုပ်ရှင်ဆိုင်ရာတာဝန်ရှိသူများ၏ တောင်းပန်မှုအပေါ် ခွင့်လွှတ်စကားပြန်လည်ပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးဆုံးဖြတ်ချက်အရ ကျွန်ရုပ်ရှင်ဇာတ်ကားနှင့်ပတ်သက်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကို ဒေသခံများ၏ တင်ပြတောင်းဆိုချက်များမှ ဒေသခံများဂုဏ်သိက္ခာကို ထိခိုက်စေခဲ့ရသည့် စကားလုံးအသုံးအနှုန်း၊အပြောအဆို၊ ပြကွင်းပြကွက်များကို မိမိသဘောနှင့်မိမိတာဝန်ယူ၍ ပြန်လည်တည်းဖြတ်ပြင်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဗီဒီယိုအဖြစ် ပြန်လည်ဖြန့်ချိရာတွင်လည်း အဆိုပါ အသုံးအနှုန်းအပြောအဆို၊ ပြကွင်းပြကွက်များကို လုံးဝမပါရှိစေရန် ကတိပြုလိုပါကြောင်း၊ ကျွန်ဆိုသည့် ရုပ်ရှင်ဇာတ်ကား အမည်ကိုလည်း ယခင်ရှေးဟောင်းသုတေသနဌာနတွင် ရိုက်ကူးခွင့်တင်စဉ်က ပြောင်းလဲပေးခဲ့သည့် အမှောင်မှာ ရွှာချတဲ့မိုးတိမ် ဇာတ်ကားအမည်ဖြင့် ပြောင်းလဲပေးသွားမည်ဖြစ်ပါကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းက ပြောကြားသည်။



ယခုဇာတ်လမ်းသည် လက်ရှိအခြေအနေမှန်ကို ရိုက်ကူးတင်ပြခြင်းမဟုတ်ဘဲ တင်ပြသူ၏ အနုပညာဖန်တီးမှုသက်သက်သာဖြစ်ပါကြောင်း၊ယင်းကဲ့သို့အနုပညာဖန်တီးမှုတွင် ဒေသခံမိဘပြည်သူများ၏ ဂုဏ်သိက္ခာကို ထိခိုက်နစ်နာစေလိုသည့်ဆန္ဒမရှိသော်လည်း ဒေသခံမိဘပြည်သူများအပေါ် ထိခိုက်နစ်နာမှုဖြစ်ပေါ်ခဲ့သည့်အတွက် ဒါရိုက်တာနှင့် ထုတ်လုပ်သူ၊တာဝန်ရှိသူများအားလုံးက မေတ္တာရပ်ခံတောင်းပန်အပ်ပါကြောင်း၊ ရုပ်ရှင်ဇာတ်လမ်းအမည်ကိုလည်း ပြောင်းလဲသွားမည်ဖြစ်ကြောင်း စသည်တို့ကို မီဒီယာများမှတစ်ဆင့် အသိပေးကြေညာ တောင်းပန်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျွန်ဇာတ်လမ်းနှင့်ပတ်သက်၍ ဒါရိုက်တာ၊ ထုတ်လုပ်သူ၊ ရှုတင်မန်နေဂျာနှင့် တာဝန်ရှိသူများ၊ ညောင်ဦး-ပုဂံဒေသခံမြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မီဒီယာများ တက်ရောက်ခဲ့ကြသည်။

**ရဲသူရအောင်(ညောင်ဦး)**

# 70th Singapore Open Amateur Golf Championship ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာလူငယ် ဂေါက်သီးအားကစားသမားများ ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၉**

စင်ကာပူနိုင်ငံ Singapore Island Country Club ၌ ဇူလိုင် ၁၁ ရက်မှ ၁၄ ရက်အထိ ကျင်းပမည့် 70th Singapore Open Amateur Golf Championship ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာလူငယ် ဂေါက်သီးအားကစားသမားများသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။

မြန်မာလူငယ်ဂေါက်သီးရိုက်အဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးကိုကိုအေး (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်)၊ နည်းပြအဖြစ် ဦးဇော်မိုး (Professional)နှင့် ကစားသမား ၁၆ ဦး လိုက်ပါသွားသည်။ ယင်းပြိုင်ပွဲသည် အာဆီယံဒေသတွင်း၌ အစဉ်အလာကြီးမားသည့် ပြိုင်ပွဲတစ်ခုဖြစ်ပြီး ဂေါက်သီး အားကစားသမားကောင်းများ ထွက်ပေါ်လေ့ရှိသောကြောင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်အနေဖြင့် မလေးရှားနိုင်ငံ၌ ကျင်းပမည့် (၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဂေါက်သီးအားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင်ပြီး ပြိုင်ပွဲအကြိုလက်ရည်သွေးသည့်အနေဖြင့် လည်းကောင်း၊ ကစားသမားများ၏စွမ်းဆောင်ရည်နှင့် အာဆီယံနိုင်ငံများ၏ လက်ရည်များကို သိရှိနိုင်ရန် စေလွှတ်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။




**သတင်း-ဖိုးသော်ဇင်**
**ဓာတ်ပုံ-ဂေါက်သီးအဖွဲ့ချုပ်**

# အုတ်တွင်းမြို့နယ်ရှိ ကျေးလက်ဒေသ ရေရရှိရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**အုတ်တွင်း ဇူလိုင် ၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် မျက်နီကွင်းကျေးရွာအုပ်စု သရက်ကုန်းကျေးရွာတွင် ကျေးလက်ဒေသသောက်သုံးရေဖူလုံစေရန် ဥရောပ-အာရှ ကော်မာရှယ်ကုမ္ပဏီလီမိတက် (EAC Foundation)က လှူဒါန်းသည့် စက်ရေတွင်း(တွင်းတိမ်)တူးဖော်ခြင်းနှင့် ရေစက်ရုံ၊ ရေလှောင်ကန် တည်ဆောက်နေသည့် လုပ်ငန်းများကို ဇူလိုင် ၇ ရက် နံနက်ပိုင်းက အုတ်တွင်းမြို့နယ်ကျေးလက်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

"အစက တူးတုန်းကတော့ တွင်းတိမ်ဆိုပေမယ့် ပေ ၅၆၀ ကျော်အရောက်မှာ ရေတွေလျှံထွက်လာလို့ ရေလျှံတွင်းဖြစ်သွားတာပါ။ ရွာသူရွာသားတွေက ဝမ်းသာနေတာပါ"ဟု မြို့နယ်ဦးစီးမှူးက ပြောသည်။ သရက်ကုန်းကျေးရွာသည် အိမ်ခြေပေါင်း ၁၈၉ အိမ်၊ လူဦးရေပေါင်း ၈၇၇ ဦးအတွက် သောက်သုံးရေဖူလုံစွာရရှိနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

❖

# ရန်ကုန်မြို့တွင် အဆင့်မြင့် စက်မှုနည်းပညာသင်တန်းကျောင်း ဖွင့်လှစ်မည်

**ရန်ကုန် ဇူလိုင် ၉**
ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် နတ်မောက်လမ်း (ယခင်အခြေခံပညာဦးစီးဌာနရုံးစိုက်သည့်နေရာ)တွင် အဆင့်မြင့်စက်မှုနည်းပညာ လေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း(School of Industrial Training and Education- SITE)ကို ၂၀၁၈ ခုနှစ် ဇွန်လအတွင်း ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောသည်။

အဆိုပါကျောင်းကို ပညာရေးဝန်ကြီးဌာန နည်းပညာ၊ အသက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် Sea Lion and its Global Partners ကုမ္ပဏီတို့မှ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး သဘောတူလက်မှတ်ရေးထိုးပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက အဆိုပါကျောင်းတည်ရှိရာနေရာ၌ ပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ တက်ရောက်ကြသည်။




အဆိုပါကျောင်း၌ အလိုအလျောက်စက်မှုကုန်ထုတ်စနစ်နှင့် သက်ဆိုင်သောနည်းပညာများ၊ ကွန်ပျူတာကိန်းဂဏန်းထိန်းချုပ်စနစ်သုံး သတ္တုခုတ်ဖြတ်ပုံဖော်ပုံသွင်းနည်းပညာများ၊ ရေနှင့်မိလ္လာစနစ်စီမံခန့်ခွဲခြင်း နည်းပညာများ၊ နေရောင်ခြည်နှင့်လေအားသုံး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နည်းပညာများ၊ သစ်အခြေခံအချောထည်နှင့် ပရိဘောဂထုတ်လုပ်ရေးစက်မှုနည်းပညာများအတွက် လုပ်ငန်းကျွမ်းကျင်မှုကို အခြေခံသည့် လေ့ကျင့်သင်ကြားရေးသင်တန်းများကို ဂျာမနီနိုင်ငံနှင့်ဩစတြီးယားနိုင်ငံတို့၌ လေ့ကျင့်သင်ကြားပို့ချသည့်စနစ်များနှင့် စက်ပစ္စည်းများ အသုံးပြုကာ သင်တန်းသားသင်တန်းသူများအား လက်တွေ့ကျွမ်းကျင်တက်မြောက်ပြီး လုပ်ငန်းခွင်အတွက် အဆင်သင့်ဖြစ်စေရန် လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်နိုင်ရန် ရည်ရွယ်ထားပြီး ကျောင်းသား ကျောင်းသူ ၁၂၀ မှ ၂၄၀ အထိ တိုးချဲ့လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

အခြေခံနည်းပညာသင်တန်းများကို လေးလကြာ သင်တန်းများအဖြစ်စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး အဆင့်မြင့်နည်းပညာသင်တန်းများသို့ ဆက်လက်တက်ရောက်လိုသူများအနေဖြင့် သက်ဆိုင်ရာဘာသာရပ်အလိုက် သင်တန်းကာလလေးလကြာ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်သည်။ အခြေခံနှင့်အဆင့်မြင့် နည်းပညာရပ်သင်တန်းများကို ကျွမ်းကျင်စွာ တတ်မြောက်ပြီးပါက သင်တန်းဆင်းလက်မှတ်များ ပေးအပ်မည်ဖြစ်ပြီး ကျွမ်းကျင်မှုအရည်အချင်းစစ်စာမေးပွဲထပ်မံဖြေဆို၍ အောင်မြင်သူများအနေဖြင့် Festo မှ နိုင်ငံတကာအဆင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်မည်ဖြစ်ကြောင်းသိရသည်။

**(ဇာနည်မောင်)**

## တောင်သူများ ဝင်ငွေနှစ်ဆတိုးစေမည့် စိုက်ပျိုးနည်း လေးမျိုးပြင် နှိုင်းယှဉ်စိုက်ပျိုး



**ဖြူး ဇူလိုင် ၉**
ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင် ၂၀၁၇-၂၀၁၈ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ပဲခူးတိုင်းအရှေ့ခြမ်းရှိ ၁၁ မြို့နယ်မှ မိုးစပါးစိုက် တောင်သူများအနေဖြင့် ဒေသနှင့်ကိုက်ညီပြီး ကုန်ကျစရိတ်သက်သာ၍ အထွက်နှုန်းပိုမိုကောင်းမွန်ကာ ဝင်ငွေ နှစ်ဆတိုးစေသည့် ခေတ်မီနည်းများဖြစ်သော စိုက်ပျိုးနည်း လေးမျိုးကို နှိုင်းယှဉ်စိုက်ပျိုးပြသသည့် တောင်သူဆန္ဒစိုက်ပျိုးနည်းသရုပ်ပြပွဲကို ဇူလိုင် ၇ ရက် နံနက်ပိုင်းက ဖြူးမြို့နယ် ညောင်ပင်သာဒေသ အမှတ်(၈၇)စက်မှုလယ်ယာစခန်း ကွင်းအမှတ်(၇၉၉)၌ ပြုလုပ်ကြောင်း သိရသည်။

တောင်သူသရုပ်ပြပွဲတွင် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က တောင်သူဆန္ဒစိုက်ပျိုးနည်းသရုပ်ပြပွဲကျင်းပရခြင်းမှာ စပါးစိုက်ပျိုးနည်းစနစ်လေးမျိုးအနက် ကုန်ကျစရိတ်သက်သာ၍ အထွက်နှုန်းပိုမိုကောင်းမွန်ပြီး တောင်သူများ ဝင်ငွေနှစ်ဆတိုးစေရန် ပဲခူးအရှေ့ခြမ်းရှိ မြို့နယ် ၁၁ မြို့နယ်မှ တောင်သူများအနေဖြင့် ရွေးချယ်စိုက်ပျိုးနိုင်ရန်အတွက် ယခုကဲ့သို့ တောင်သူဆန္ဒအရ စိုက်ပျိုးနည်းသရုပ်ပြပွဲကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှင်းလင်းဆွေးနွေးပြီး ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးလှမြင့်က စိုက်ပျိုးနည်းစနစ်များ မှန်ကန်စွာစိုက်ပျိုးနိုင်ရေး တောင်သူများအား ပညာပေးရှင်းလင်းခဲ့သည်။

အဆိုပါတောင်သူဆန္ဒစိုက်ပျိုးနည်းသရုပ်ပြပွဲတွင် ပဲခူးအရှေ့ခြမ်းရှိ ဖြူး၊ ကဝ၊ ညောင်လေးပင်၊ ဒိုက်ဦး၊ သနပ်ပင်၊ ဝေါ၊ ပဲခူး၊ ထန်းတပင်၊ ကျောက်ကြီး၊ ရေတာရှည်နှင့် တောင်ငူမြို့နယ်တို့မှ တောင်သူများ တက်ရောက်ကြပြီး စိုက်ပျိုးနည်း လေးမျိုးဖြစ်သော ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနည်း၊ BMP စနစ်ဖြင့်စိုက်ပျိုးနည်း၊ SRI စနစ်ဖြင့် စိုက်ပျိုးနည်းနှင့် မျိုးစေ့ချကိရိယာဖြင့် အစေ့ချစိုက်ပျိုးနည်းများကို စိုက်ပျိုးရေးပညာရှင်များက နှိုင်းယှဉ်စိုက်ပျိုးပညာပေးပြသကြသည်။ လယ်ယာသုံးစက်ကိရိယာဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီများကလည်း ဆင်းသုခပျိုးပင်များကို လယ်ယာသုံးစက်ကိရိယာများဖြင့် စိုက်ကွင်းအတွင်း လက်တွေ့သရုပ်ပြစိုက်ပျိုးပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နှစ်(၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ်အကြို စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲကျင်းပ



**မိုးကောင်း ဇူလိုင် ၉**
ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား အမြဲတမ်းအမှတ်ရစေခြင်းငှာ နှစ်(၇၀)ပြည့် အာဇာနည်နေ့ အထိမ်းအမှတ်အကြို စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မဏိပညာကျောင်းဆောင်၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှဦးစီးပြီး ပညာရေးဌာနနှင့် ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲသို့ မြို့နယ်ပညာရေးမှူး ဦးသန်းထွန်းနှင့် ဆရာ ဆရာမများ၊ NLD ပါတီ မြို့နယ်အလုပ်အမှုဆောင်များ လာရောက်ကြီးကြပ်ကြကြောင်း သိရသည်။

စာစီစာကုံးအထက်တန်းအဆင့်တွင် “ကမ္ဘာတည်သရွေ့ အာဇာနည်နေ့ရှိနေမည်” ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၂၇ ဦး၊ အလယ်တန်းအဆင့်တွင် “ဇူလိုင်ရက်ဆိုး တစ်ဆယ့်ကိုး” ခေါင်းစဉ်ဖြင့် ၅၁ ဦးနှင့် မူလတန်းအဆင့်တွင် “အာဇာနည်နေ့”ခေါင်းစဉ်ဖြင့် ၁၉ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ပန်းချီပြိုင်ပွဲအထက်တန်းအဆင့်တွင် “မြန်မာ့သမိုင်းကို ရိုင်းပျစေခဲ့သော နေ့တစ်နေ့၏ပုံရိပ်”ခေါင်းစဉ်ဖြင့် ၁၅ ဦး၊ အလယ်တန်းအဆင့်တွင် “ဆယ့်ကိုးဇူလိုင် မေ့ပါနိုင်” ခေါင်းစဉ်ဖြင့် ရှစ်ဦး၊ မူလတန်းအဆင့်တွင် “အာဇာနည်နေ့” ခေါင်းစဉ်ဖြင့် ရှစ်ဦး အသီးသီးပါဝင်ယှဉ်ပြိုင်ရေးဆွဲခဲ့ကြကြောင်း သိရသည်။

**(မင်းမင်းဦး)**

## မော်လူးအထကတွင် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မော်လူး ဇူလိုင် ၉**။ ။စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးအခြေခံပညာအထက်တန်းကျောင်း၌ ယနေ့ နံနက်ပိုင်းက မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပခဲ့သည်။

“ကျောင်းနဲ့ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက်ရည်ရွယ်ပြီး ကျောင်းသား ကျောင်းသူ ၁၀၀၀ ကျော်တို့နဲ့အတူ အုပ်ချုပ်ရေးမှူး၊ ကျောင်းအကျိုးဆောင်အဖွဲ့ဝင်တွေ၊ ဆရာ ဆရာမတွေ ဦးဆောင်ပြီး အရိပ်ရသစ်ပင်နဲ့ ရောင်စုံပန်းအလှပင်တွေကို စနစ်တကျစိုက်ပျိုးခဲ့ကြတာပါ”ဟု ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်အေးက ပြောသည်။

အဆိုပါမိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ မော်လူးအုပ်ချုပ်ရေးမှူးဦးစိုးမြင့်နှင့် ကျောင်းအကျိုးတော်ဆောင်ကော်မတီဝင်များ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၁၀၀၀ ကျော်တို့က အရိပ်ရသစ်ပင်များနှင့် ရောင်စုံပန်းအလှပင်မျိုးစုံပျိုးပင် စုစုပေါင်း ၁၀၀၀ တို့ကို တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**(ဝ၅၈)**

စာအုပ်စာပေ လူ့မိတ်ဆွေ

# ၂၀၁၇ ခုနှစ် (၂၅)ကြိမ်မြောက် နိကာယ်စာမေးပွဲ အောင်စာရင်းကြေညာချက်

**(ယမန်နေ့မှအဆက်)**

(ခ) ခုံအမှတ်၊ စက- ၈၊ ရှင်ဂုဏတေဇာလင်္ကာရ၊ အသက်(၂၀)၊ အဘ- ဦးအောင်ရှိန်၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ (ဒုတိယ)

(ဂ) ခုံအမှတ်၊ ဒဂတ-၁၊ ဦးပညာနန္ဒ၊အသက်(၃၁)နှစ်၊ အဘ- ဦးကြည်ဝင်း၊ နိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး။ (တတိယ)

၆။ အုပ်စု(၄) သံယုတ္တနိကာယ(သုတ္တန္တပိဋက)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင်(၁၄)ပါး၊ နှစ်ကျမ်းအောင်(၇)ပါး၊ တစ်ကျမ်းအောင်(၉)ပါးတို့ ဖြစ်ကြသည်။

သံယုတ္တနိကာယ် သုံးကျမ်းအောင်(၁၄)ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ခုံအမှတ်၊ စိန်-၅၊ ရှင်ပညာစက္ကာလင်္ကာရ၊ အသက်(၂၀)နှစ်၊ အဘ- ဦးအောင်မြင့်၊ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (ပထမ)

(ခ) ခုံအမှတ်၊ စက- ၁၊ ဦးဉာဏိကာလင်္ကာရ၊ အသက်(၂၃)နှစ်၊ အဘ- ဦးမောင်ဌေး၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ (ဒုတိယ)

(ဂ) ခုံအမှတ်၊ မင်္ဂလာ- ၄၊ အရှင်နန္ဒိယာလင်္ကာရ၊ အသက်(၂၄)နှစ်၊ အဘ- ဦးမြင့်ဌေး၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (တတိယ)

၇။ အုပ်စု(၅) အင်္ဂုတ္တရနိကာယ(သုတ္တန္တပိဋက)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၁၉၄)ပါး၊ နှစ်ကျမ်းအောင်(၁၀၀)ပါး၊ တစ်ကျမ်းအောင်(၆၀)ပါးတို့ ဖြစ်ကြသည်။

အင်္ဂုတ္တရနိကာယ်သုံးကျမ်းအောင် (၁၉၄)ပါးအနက် ပထမ၊ ဒုတိယ၊ တတိယ ရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ခုံအမှတ်၊ ဗဟ- ၁၄၊ ရှင်ဇဝနတိက္ခာလင်္ကာရ၊ အသက်(၁၈)နှစ်၊ အဘ- ဦးအောင်မြင့်သန်း၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (ပထမ)

(ခ) ခုံအမှတ်၊ မန်း/ခသ- ၃၊ ရှင်ဇောတိက၊ အသက်(၁၈)နှစ်၊ အဘ- ဦးစိုးတင့်၊ ဇောတိကာရုံတိုက်ကျောင်း၊ တောင်ပြင်၊ ထီးလင်းတိုက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ (ဒုတိယ)

(ဂ) ခုံအမှတ်၊ ဗဟ- ၁၅၊ ရှင်စန္ဒဒီပါလင်္ကာရ၊ အသက်(၁၉)နှစ်၊ အဘ- ဦးကျော်သန်း၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (တတိယ)

၈။ အုပ်စု(၆) ခုဒ္ဒကနိကာယ(၁) (သုတ္တန္တပိဋက) ငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် (၁)ပါး၊ တစ်ကျမ်းအောင် (၁)ပါးတို့ ဖြစ်ကြသည်။

၉။ အုပ်စု(၇) ခုဒ္ဒကနိကာယ(၂) (သုတ္တန္တပိဋက)ငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် (၁)ပါး၊ သုံးကျမ်းအောင် (၁)ပါးတို့ ဖြစ်ကြသည်။

၁၀။ အုပ်စု(၈) ခုဒ္ဒကနိကာယ (အဘိဓမ္မပိဋက)(ပထမပိုင်း)နှစ်ကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင် (၃၂)ပါး၊ တစ်ကျမ်းအောင် (၃၂)ပါးတို့ ဖြစ်ကြသည်။

အဘိဓမ္မပိဋက (အဘိဓမ္မာ ပထမပိုင်း) နှစ်ကျမ်းအောင် (၃၂)ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ခုံအမှတ်၊ စိန်- ၁၃၊ အရှင်စန္ဒောဘာသာလင်္ကာရ၊ အသက်(၂၅)နှစ်၊ အဘ- ဦးမြင့်နွယ်၊ ရွှေပြည်သာပရိယတ္တိကျောင်းတိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (ပထမ)

(ခ) ခုံအမှတ်၊ စိန်- ၁၊ ဦးဉာဏိကာလင်္ကာရ၊ အသက်(၂၈)နှစ်၊ အဘ- ဦးထွန်းရီ၊ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (ဒုတိယ)

(ဂ) ခုံအမှတ်၊ ဗဟ- ၁၅၊ အရှင်ဉာဏုတ္တရာလင်္ကာရ၊ အသက်(၂၇)နှစ်၊ အဘ- ဦးမန်းရင်၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး။ (တတိယ)

၁၁။ အုပ်စု(၉) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက) (ဒုတိယပိုင်း) လေးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် လေးကျမ်းအောင်(၃)ပါး၊ နှစ်ကျမ်းအောင် (၂)ပါးတို့ဖြစ်ကြသည်။

၁၂။ အုပ်စု(၁) ခုဒ္ဒကနိကာယ (ဝိနယပိဋက) ဝိနည်းအဋ္ဌကထာ(မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၁)ပါး၊ နှစ်ကျမ်းအောင် (၁)ပါး၊ တစ်ကျမ်းအောင် (၄)ပါးတို့ ဖြစ်ကြသည်။

၁၃။ အုပ်စု(၂) ဒီဃနိကာယ (သုတ္တန္တပိဋက) ဒီဃနိကာယ် အဋ္ဌကထာ (မဟာဝိဒူတန်း)သုံးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် တစ်ကျမ်းအောင် (၁)ပါးဖြစ်သည်။

၁၄။ အုပ်စု(၈) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက) အဋ္ဌကထာနှစ်ကျမ်း (မဟာဝိဒူ)ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် တစ်ကျမ်းအောင် (၂)ပါးဖြစ်သည်။

၁၅။ (၂၅)ကြိမ်မြောက် နိကာယ်စာမေးပွဲတွင် ဝိဒူတန်း အုပ်စု(၉)ခုနှင့် မဟာဝိဒူတန်း အုပ်စု (၃)ခုတို့၌ ကျမ်းစဉ်အလိုက် အောင်မြင်ကြသူပေါင်း (၃၃၉၀)ပါးတို့ ဖြစ်သည်။

၁၆။ ယင်းအောင်စာရင်းအပြည့်အစုံကို တိုင်းဒေသကြီး/ပြည်နယ် သံဃနာယကအဖွဲ့ရုံးများ၌လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးရုံးများ၌လည်းကောင်း၊ နိကာယ်စာဖြေဌာနရှိရာ မြို့နယ်သံဃနာယကအဖွဲ့များ၌လည်းကောင်း ကြည့်ရှုနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ခရီးသည်များထိခိုက်သေဆုံးမှုနည်းရန် ခရီးသည်ယာဉ်များအပေါ် ထိရောက်သောအရေးယူမှုလိုအပ်နေ

**ရန်ကုန် ဇူလိုင် ၉**

ဇူလိုင် ၇ ရက် မွန်းလွဲပိုင်းကဖြစ်ပွားခဲ့သော ရန်ကုန်မြို့တွင်းပြေးဆွဲနေသည့် ခရီးသည်တင်ယာဉ်လိုင်း နှစ်စီးတိုက်မှုတွင်ခရီးသည် ၁၀ ဦးသေဆုံးခဲ့ပြီး အများအပြားဒဏ်ရာရရှိခဲ့ကြသည်ဟု သတင်းဖော်ပြခဲ့ကြသည်။

ယင်းဖြစ်စဉ်တွင် မျက်နှာချင်းဆိုင်တိုက်မိခြင်းဖြစ်သည်။ မှော်ဘီဘက်မှ ရန်ကုန်မြို့တွင်းဘက်သို့ မောင်းနှင်လာသော ၅၅ ယာဉ်လိုင်းမှ ခရီးသည်တင်ယာဉ်ကြီးတစ်စီးသည် ရန်ကုန် ပြည်လမ်းပေါ် ပျဉ်းမပြင်ကျေးရွာအုပ်စုအနီးရှိ ရွှေညောင်ပင်ဘိုးဘိုးကြီးနတ်နန်းအဟောင်းရှေ့တွင် မြို့ထဲမှလာသော ဆူးလေ-စံပြ-ထောက်ကြန့်ခရီးစဉ်ပြေးဆွဲနေသော ယာဉ်လိုင်းနံပါတ် ၃၇ ခရီးသည်တင်ယာဉ်ကြီးတစ်စီးကို ဝင်တိုက်မိခြင်းဖြစ်သည်။

မှော်ဘီ-မော်တင်-တိုက်ကြီး-မှော်ဘီ-မော်တင် စာသားများရေးသားထားသော အဆိုပါယာဉ်လိုင်းနံပါတ် ၅၅ ယာဉ်ကြီးတစ်စီးသည် ဇူလိုင် ၅ ရက် နေ့လယ်ပိုင်း မြို့တွင်းမှအလာ စိန်ဂျွန်းမှတ်တိုင်အလွန် ပြည်လမ်းမပေါ် တစ်ဖက်ယာဉ်ကြောပေါ်မှ အိမ်စီးယာဉ်ငယ်တစ်စီးကို ဝင်တိုက်ခဲ့ပြီး ယာဉ်မောင်းမှာ ယာဉ်ကိုနေရာတွင်ထား၍ ထွက်ပြေးသည့်ဖြစ်စဉ် ဖြစ်ခဲ့သေးသည်။

ဇူလိုင် ၇ ရက်က ဖြစ်ပွားခဲ့သော ဖြစ်စဉ်သည် ခြောက်လခန့်သာရှိသေးသော ရန်ကုန်မြို့တွင်း အသစ်ပြောင်းလဲပြေးဆွဲနေသည့် ယာဉ်လိုင်းစနစ်သစ်တွင် ရန်ကုန်မြို့တွင် အဆိုးရွားဆုံး ခရီးသည်တင်ယာဉ်တိုက်မှုဖြစ်သည်ဟု သတင်းမီဒီယာတွင် ဖော်ပြထားသည်။

ဇူလိုင် ၇ ရက်က ဖြစ်ပွားခဲ့သော အဆိုပါ ယာဉ်တိုက်မှုတွင်ပါဝင်သော ယဉ်လိုင်းနံပါတ်များမှာ ယခုမတူသော်လည်း ယာဉ်လိုင်းစနစ်သစ်စတင်ခဲ့သော ၂၀၁၇ ဇန်နဝါရီ ၁၆ ရက်ကာလများတွင် ထောက်ကြန့်-မော်တင်ကားခကျပ်၂၀၀ စာသားများဖော်ပြထားသော ယာဉ်လိုင်းနံပါတ် ၃၇ တစ်ခုတည်းဖြင့် ပြေးဆွဲခဲ့သည်ဟု ယင်းခရီးစဉ်တွင်စီး၍ လမ်းမတော်မြို့နယ်သို့ အလုပ်လာဆင်းနေရသူ




စော်ဘွားကြီးကုန်းနေ ဦးဆွေက ပြောသည်။

မော်တင်မှတ်တိုင်တွင် မြို့ပြင်မှလာသော ယာဉ်လိုင်းလေးလိုင်းသည် ဂိတ်ဖျားအဖြစ်ပြန်ကွေ့ပြေးဆွဲသည်။ ယာဉ်အမျိုးအစားနှစ်မျိုးဖြင့် လိုင်းတူယာဉ်လိုင်းနံပါတ်တူဖြင့် ပြေးဆွဲနေရာမှ ဖေဖော်ဝါရီလဆန်းပိုင်းတွင် ယာဉ်သစ်အဝါရောင်(ယခင် BRT Lite ယာဉ်များ)သည် ဘုန်းကြီးလမ်း စံပြမှတ်တိုင်သို့ ဂိတ်ဖျားအဖြစ်ပြောင်းရွှေ့ ပြေးဆွဲသည်။

ယာဉ်အဟောင်းများမှာ မော်တင်ဂိတ်ဖျားအဖြစ် ဆက်လက်ပြေးဆွဲသည်။ သို့သော် BRT ယာဉ်များ ပြေးဆွဲသည့်နံပါတ် ၃၇ အစား အပြာရောင်အောက်ခံဖြင့် ယနေ့မြင်တွေ့နေရသော ယာဉ်လိုင်းနံပါတ် ၅၅ အဖြစ် ပြောင်းလဲပြေးဆွဲလာခြင်းကို ရက်အနည်းငယ်အတွင်း မြင်တွေ့လာရသည်။ သို့သော် မော်တင်ဂိတ်ဖျားအစား သခင်မြပန်းခြံအထိသွား၍ ခရီးသည်တင်ဆောင်ပြေးဆွဲခြင်း များလာသည်ကို မြင်တွေ့ရသည်။

ယာဉ်အချို့မှာ မဟာဗန္ဓုလလမ်းပေါ်ရှိ မှတ်တိုင်တွင် ခရီးသည်မတင်ဘဲ လိုင်းကားယာဉ်ကြောမဟုတ်သည့် လမ်းလယ်တုံးဝါတန်းအခြားတစ်ဖက်မှ မောင်းနှင်ခြင်းများနေသည်ကို မြင်တွေ့ရသည်ဟု ယင်းမှတ်တိုင်အနီး အလုပ်လုပ်ကိုင်နေသူ ဦးတိုးက ပြောသည်။

ယာဉ်လိုင်းစနစ်ဟောင်းတွင် ယာဉ်ပိုင်ရှင်တစ်ဦးချင်း အပေါ်အခြေခံလုပ်ကိုင်ခဲ့ရာမှ ယခုယာဉ်လိုင်းစနစ်သစ်တွင် အများပိုင်ကုမ္ပဏီဖွဲ့စည်းလုပ်ဆောင်ရေး ဦးတည်လုပ်ကိုင်နေဆဲဖြစ်သည်။ သို့သော် ပီပြင်ခြင်းအားနည်းနေပြီး ယဉ်ပိုင်ရှင်တစ်ဦးချင်း လုပ်ဆောင်နေခြင်းများနေဆဲဖြစ်နေသည်။ သို့ဖြစ်ရာ ယခင်ယာဉ်လိုင်းစနစ်ဟောင်းကဲ့သို့ မြင်တွေ့နေရဆဲရှိနေသည်ဟု လသာမြို့နယ် (၁၇)လမ်းနေ ဦးသက်လွင်က ပြောသည်။

ကုမ္ပဏီများမှပြေးဆွဲနေသော ရန်ကုန်မြို့တွင်းပတ်ယာဉ်လိုင်းသုံးလိုင်းတွင် မှတ်တိုင်ပေါင်း၂၀ ဝန်းကျင်၊ မီးပွိုင့်ပေါင်း ၂၀ ဝန်းကျင်ရှိပြီး ခရီးစဉ်တစ်ပတ်ကြာမြင့်ချိန်မှာ တစ်နာရီခွဲဝန်းကျင်သာရှိသည်။ ဂိတ်လွှတ်သုံးမိနစ်တစ်စီးနှုန်းဆိုလျှင်ပင်ယာဉ်အစီးရေ ၄၀ ဝန်းကျင်သာ လိုအပ်သည်။

အလုပ်ဆင်း အလုပ်တက် အသွားအလာများချိန် သခင်မြပန်းခြံဂိတ်စလွှတ်ချိန်မှာပင် ခရီးသည်ပြည့်နေတတ်သည်။ လမ်းတစ်လျှောက် မှတ်တိုင်များတွင် ခရီးသည်စောင့်တင်ခြင်းများရှိနေဆဲဖြစ်သည်။ မြို့တွင်းရှိ အရှေ့၊ အနောက်ကားလမ်းမကြီးများတွင် ယင်းလိုင်းတူယာဉ်ကြီးများ သုံး၊ လေးစီးဆက်တိုက် အပြိုင်မောင်းနှင်ခြင်းများကို အနော်ရထာလမ်း၊ ကမ်းနားလမ်းတို့တွင် နေ့စဉ် မြင်တွေ့နေရသည်ဟု အနော်ရထာလမ်းတွင် နေထိုင်သူတစ်ဦးက ပြောသည်။

ယာဉ်ပိုင်ရှင်တစ်ဦးချင်းဖြစ်စေ၊ ကုမ္ပဏီပိုင်ဖြစ်စေ ခရီးသည်တင်ယာဉ်လိုင်းပြေးဆွဲရာတွင် စီးပွားရေးဆန်စွာ ဆောင်ရွက်နေပါက ခရီးသည်များအတွက် ယာဉ်အန္တရာယ် စိုးရိမ်ရနိုင်သည်။ အများပြည်သူသွားလာရေးလွယ်ကူရန် ဦးတည်ဆောင်ရွက်နေသော ဝန်ဆောင်မှုကောင်းဖြစ်လာမှသာ ခရီးသည်များ ယာဉ်အန္တရာယ်ကင်းစွာ စီးနင်းသွားလာနိုင်မည်ဖြစ်သည်။

အထူးသဖြင့် ယာဉ်အသစ်များတွင် မှန်အသေပိတ်လေအေးပေးစက်လွှတ်ထားကြသည်။ ဖြစ်ပေါ်မှုနည်းသည်ဆိုနိုင်သော်လည်း ဖြစ်ခဲ့ပါက ယာဉ်မောင်းတစ်ဦးတည်းသာပါရှိသော ယင်းယာဉ်အသစ်များအတွင်း အရေးပေါ်မှန်ခွဲရန် တံခါးဘေးဘောင်များတွင် တူအချွန်အနီရောင်အသေးများ ချိတ်ထားသည်ကို မြင်တွေ့ရသည်။ သို့သော် အနော်ရထာလမ်း၊ မဟာဗန္ဓုလလမ်းတို့အပေါ် ပြေးဆွဲနေသော ယာဉ်ကြီးအချို့တွင် မြင်တွေ့ရမှုမရှိဟု ယာဉ်စီးခရီးသည်ကိုထိုက်က ပြောသည်။

ယခင်ယာဉ်မောင်းခန်းများတွင် ဖတ်ခဲ့ရသော သင့်မိသားစုက သင့်ကို အိမ်အပြန်စောင့်ကြိုနေသည်ဆိုသောစာတန်းများအတိုင်း ခရီးသည်များအပါအဝင် ယာဉ်လုပ်သားများပါ ယာဉ်အန္တရာယ်ကင်းဝေးစွာစီးနင်းလိုက်ပါနိုင်ရေး အလေးထားဆောင်ရွက်ပေးရန် ခရီးသည်များက မျှော်လင့်နေပါသည်။

ညပိုင်းနှင့် နံနက်စောစောပိုင်းတို့တွင် ယာဉ်စီးခပိုပေးပြီး အမောင်းကြမ်းနေသော ယာဉ်ငယ်များစီးနင်းနေရသည့်ဖြစ်စဉ်များကိုလည်း လျှော့ချပေးရန် လုပ်ဆောင်ပေးစေလိုပါသည်ဟုလည်း ခရီးသည်များက ပြောဆိုနေကြသည်။

**မောင်စေအောင်**

# ဖော်ထုတ်ထားသည့် လယ်ယာမြေသစ်တွင် ပဲစင်းငုံများ စမ်းသပ်စိုက်ပျိုးမည်

**ဂန့်ဂေါ ဇူလိုင် ၉**

ဂန့်ဂေါမြို့နယ်တွင် မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းကို တည်ဆောက်လျက်ရှိရာ ပြောင်းရွှေ့ရသည့်ကျေးရွာများအတွက် လယ်ယာမြေသစ်များ ဖော်ထုတ်ပေးထားသည်။

အဆိုပါ လယ်ယာမြေသစ်များတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်သော သီးနှံများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးပြသလျက်ရှိရာ ယခင်နှစ်က မကွေး ၁၆ မြေပဲမျိုးကိုလည်းကောင်း၊ ယခုနှစ်တွင် ရေဆင်း ၉ ပဲစင်းငုံမျိုးများကိုလည်းကောင်း စိုက်ပျိုးပြသမည်ဖြစ်သည်။

ထိုသို့စိုက်ပျိုးပြသနိုင်ရန် ပနန်းကျေးရွာနှင့် စပယ်ကျေးရွာများအတွက် သီးနှံမျိုးစေ့များကို ယနေ့ ထုတ်ပေးခဲ့ကြောင်းနှင့် မကွေး ၁၆ မြေပဲမှာ အောင်မြင်ဖြစ်ထွန်းခဲ့သည့်အတွက် တောင်သူများ ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**စိန်ကျော်(ဝါးဘိုးချောင်)**

# လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ကိုင် အကြမ်းဖက်သမားများ တိုက်ခိုက်၊ လက်နက်ကိုင် အကြမ်းဖက်သမား အလောင်းနှစ်လောင်း၊ အရှင်တစ်ဦးနှင့် နှောင့်ယှက်ဟန့်တားသူတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၉**
ဘူးသီးတောင်မြို့နယ် တင်းမေကျေးရွာ၌ လက်နက်ကိုင်အကြမ်းဖက်သမားများက လှည့်ကင်းဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်နက်ငယ်ဖြင့် ပစ်ခတ်၍ မိုင်းခွဲတိုက်ခိုက်သဖြင့် ပြန်လည်ပစ်ခတ်ရှင်းလင်းရာ အကြမ်းဖက်သမား အလောင်းနှစ်လောင်း၊ အရှင်တစ်ဦးနှင့် နှောင့်ယှက်ဟန့်တားသူတစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ဘူးသီးတောင်မြို့နယ် တင်းမေကျေးရွာအုပ်စုနှင့်အနီးတစ်ဝိုက် လှည့်ကင်းဆောင်ရွက်စဉ် နံနက် ၁၁ နာရီခန့်တွင် တင်းမေကျေးရွာရှိ ဖွေယော့အစ္စလာမ်၏ နေအိမ်အတွင်းမှ လက်နက်ငယ်ဖြင့်အတွဲလိုက် အချက် ၂၀ ခန့်ပစ်ခတ်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့၍ လက်နက်ငယ်ဖြင့် ပြန်လည်ပစ်ခတ်ခဲ့ကြောင်း၊ ထို့နောက် နေအိမ်အတွင်းရှိ အကြမ်းဖက်သမားများက မိုင်းတစ်လုံး ဖောက်ခွဲ၍ ထပ်မံတိုက်ခိုက်သဖြင့် နေအိမ်ကိုရှင်းလင်းရာ နေအိမ်အတွင်းမှ ပြေးထွက်လာသည့် လက်နက်ကိုင်အကြမ်းဖက်သမား သုံးဦးကို ပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် လက်နက်ကိုင်အကြမ်းဖက်သမား အလောင်းနှစ်လောင်း ရရှိပြီး အကြမ်းဖက်သမား ဖွေယော့အစ္စလာမ်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို နှောင့်ယှက်ဟန့်တားသူ ဇာဘဲရ်တို့အား ဖမ်းဆီးရမိခဲ့ကြောင်း၊ နေအိမ်ကို ဆက်လက်ရှင်းလင်းရာ မီးလောင်ကျွမ်းထားသော ဘီအေ ၉၄ တစ်လက်၊ ကျည်အိမ် နှစ်ခု၊ ဘီအေ ၉၄ ကျည်ခွံ ခြောက်တောင့်၊ လုပ်သေနတ် တစ်လက်၊ အသက်သွင်းထားသည့် ရီမုတ် မိုင်းတစ်လုံး၊ လက်လုပ်မိုင်းပြုလုပ်ရန် ပြင်ဆင်ထားသည့် အချင်းလေးလက်မ၊ အလျားရှစ်လက်မ တစ်ဖက်ပိတ်ကားပစ်စတင် (Piston) တစ်ခု၊ အချင်း ငါးလက်မ၊ အလျား ရှစ်လက်မရှိ တစ်ဖက်ပိတ်ကားပစ်စတင် တစ်ခု၊ ဒီတိုနေတာ(Detonator) ရှစ်ခု၊ သေဆုံးသူ၏ ခါးပတ်ပိုက်ဆံအိတ်အတွင်းမှ ဘင်္ဂလားဒေ့ရှ် တာကာငွေ ၁၀၀၀ တန် တစ်ရွက်၊ ၁၀ တန် ငါးရွက်၊ ၂၀ တန် ခုနစ်ရွက်၊ Symphony ဖုန်းတစ်လုံး၊ မီးလောင်ကျွမ်းထားသည့် စကားပြောစက် လေးလုံး၊ အားသွင်းခုံ၊ ကြိုး၊ ဘက်ထရီ သုံးမရ သုံးခု၊ ဓာတ်ခဲခြောက် လေးခု၊ ဓားရှည် ခြောက်ချောင်း၊ မောင်းချဓား လေးချောင်း၊ ဓားမ တစ်လက်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ သိမ်းဆည်းရရှိသည့် ဘီအေ ၉၄ သေနတ် တစ်လက်သည် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်က ကျီးကန်းပြင် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ်တွင် ပါသွားသည့် လက်နက်ဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တပ်မတော်နှင့်နယ်ခြားစောင့် ရဲတပ်ဖွဲ့တို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တင်းမေကျေးရွာနှင့် ပတ်ဝန်းကျင်တစ်လျှောက် နယ်မြေဆက်လက်ရှင်းလင်းလျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သိရှိရသည်။ **(သတင်းစဉ်)**

# မယ်ယန်းပူးပေါင်းစစ်ဆေးရေးစခန်း၌ ကျားသေ သယ်ဆောင်လာသူများကို အမှုဖွင့်

**တာချီလိတ် ဇူလိုင် ၉**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မယ်ယန်းပူးပေါင်းစစ်ဆေးရေးစခန်း၌ ဇူလိုင် ၉ ရက် မွန်းတည့် ၁၂ နာရီက ကျားအသေတစ်ကောင် သယ်ဆောင်လာသူများကို တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေဖြင့် အမှုဖွင့် ဆောင်ရွက်ထားကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။



"သစ်တောဦးစီးဌာနအနေနဲ့ ကျားဆိုတဲ့ မျိုးစိတ်က လုံးဝကာကွယ်ထားတဲ့ တိရစ္ဆာန်မျိုးဖြစ်တဲ့အတွက် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၃၇ အရ လုံးဝကာကွယ်ထားတဲ့ တိရစ္ဆာန်တွေကို ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်တာတို့၊ အမဲလိုက်တာတို့၊ ဒါမှမဟုတ် အနာတရဖြစ်စေခြင်း၊ တောရိုင်းတိရစ္ဆာန်တွေကို ဖြစ်စေ၊ ၎င်းရဲ့အစိတ်အပိုင်းကို ဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားတာတို့၊ သယ်ဆောင်တာတို့၊ ရောင်းချတာတို့ လုပ်မယ်ဆိုရင် ကျွန်တော်တို့က ဥပဒေ ပုဒ်မ ၃၇ အရ တရားရုံးမှာ အရေးယူဆောင်ရွက်သွားမှာပါ" ဟု ခရိုင်သစ်တောဦးစီးအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးလွင်က ပြောသည်။

ဇူလိုင် ၉ ရက်က သစ်တောဦးစီးဌာနမှ တောအုပ်ကြီး အောင်မိုးနှင့် မယ်ယန်းပူးပေါင်းစစ်ဆေးရေးစခန်း တာဝန်ကျ ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ကုန်စည်များအခွန်ဆောင် ဖြတ်သန်းသွားလာမှု၊ တရားမဝင်ဖြတ်သန်းသွားလာမှုများကို စစ်ဆေးဆောင်ရွက်နေစဉ် တာချီလိတ်မြို့မှ ကျိုင်းတုံမြို့သို့ ယာဉ်မောင်း ဦးစိုင်းနွံ့ (၅၉ နှစ်) မောင်းနှင်ပြီး ဦးငြိမ်းချမ်း (၂၇) နှစ်တို့ လိုက်ပါလာသည့် ပရိုဘောက်စ်ယာဉ်အား ရပ်တန့်ရှာဖွေစစ်ဆေးရာ မော်တော်ယာဉ်နောက်ခန်းအတွင်း ပလတ်စတစ်အိတ်အပြာရောင်ဖြင့် ထည့်လျက်ရေခဲများစိမ်၍ သယ်ဆောင်လာသော ကျားအသေတစ်ကောင်ကို ရှာဖွေတွေ့ရှိခဲ့သည်။

ဖမ်းဆီးရမိသော ကျားသေကို မြို့နယ်သစ်တောဦးစီးဌာနရုံးသို့ သယ်ဆောင်၍ စစ်ဆေးရာ အလေးချိန် ၁၂၅ ကီလို၊ လုံးပတ် သုံးပေ ၁၀ လက်မ၊ အမြင့် ပျမ်းမျှ နှစ်ပေ လေးလက်မ၊ ခေါင်းမှ အမြီးထိ ရှစ်ပေ ရှစ်လက်မခန့်နှင့် ဝမ်းဗိုက်အတွင်း ကလီစာများ ထုတ်ထားသည့် ကျားအထီး တစ်ကောင်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။

ကျားသေ သယ်ဆောင်လာသူ ပိုင်ရှင် ဦးငြိမ်းချမ်း (၂၇) နှစ် စိုက်ပျိုးရေးရွာ နောင့်ကုံးအုပ်စု ကျိုင်းတုံမြို့နေသူနှင့် ယာဉ်မောင်း ဦးစိုင်းနွံ့ (၅၉) နှစ် ကတ်တောင်ရပ် ကျိုင်းတုံမြို့နေသူ နှစ်ဦးကို တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေ ပုဒ်မ ၃၇ (က) ဖြင့် အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။ **(၁၁၁)**

# မောင်တောမြို့နယ်၌ မသင်္ကာသူ ၁၀ ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၉**
ရခိုင်ပြည်နယ် မောင်တောမြို့နယ် နိုရုလ္လာကျေးရွာ၌ ဇူလိုင် ၈ ရက် နံနက်ပိုင်းက မသင်္ကာသူ ၁၀ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သတင်းအရ ဇူလိုင် ၈ ရက် နံနက် ၄ နာရီခွဲခန့်တွင် တပ်ဦးချောင်းကျေးရွာအုပ်စု နိုရုလ္လာကျေးရွာကို ဝင်ရောက်ရှင်းလင်းရာ အကြမ်းဖက်အဖွဲ့နှင့် ပတ်သက်သူ ရှားအာလောင် အပါအဝင် မသင်္ကာသူ ရှစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထို့အပြင် ဇွန် ၂၄ ရက်က ခေါင်းတကာရွာ ရာအိမ်မှူးအသတ်ခံရသည့် ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သည်ဟု သံသယရှိသူ ခေါင်းတကာရွာနေ မာမတ်အိနုနှင့် နိုရုလ္လာကျေးရွာ၌ တရားမဝင်နေထိုင်သူ ရာရာခန်း ( လက်ရှိဆော်ဒီနိုင်ငံနေသူ )တို့ နှစ်ဦးကို ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ကံမမြို့နယ်၌ နေအိမ် မိုးကြိုးထိမှန် မီးလောင်

**ကံမ ဇူလိုင် ၉**
မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် နတ်မီးကျေးရွာအုပ်စု ကြပ်ကြီးကျေးရွာတွင် ဇူလိုင် ၈ ရက် ညနေ ၄ နာရီခန့်က မိုးအဆက်မပြတ်ရွာသွန်းရာမှ မိုးကြိုးထိမှန်သဖြင့် ဦးငြိမ်းချမ်း၏နေအိမ် မီးလောင်ဆုံးရှုံးခဲ့သည်။ ထိုသို့ဖြစ်ပွားချိန်တွင် ဦးငြိမ်းချမ်းနှင့်မိသားစုဝင် လေးဦးတို့မှာ ရွာဦးဘုန်းတော်ကြီးကျောင်းအလှူသို့ သွားရောက်နေသဖြင့် မိုးကြိုးအန္တရာယ်ဘေးမှ ကင်းလွတ်ခဲ့ပြီး တိရစ္ဆာန်များ ထိခိုက်ခြင်း၊ သေဆုံးခြင်းများ မရှိကြောင်း၊ ၎င်း၏ ဝါးထရံကာ ဝါးအခင်း သွပ်မိုးနေအိမ် မီးလောင်ကျွမ်းမှုကို အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရွာသူရွာသားများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြောင်း သိရသည်။ **ကျော်ဇေယျဝင်း(ကံမ)**

# ထိုင်းနိုင်ငံမှပြန်လည်ဝင်ရောက်လာသည့် ရွှေ့ပြောင်းလုပ်သားများအား လိမ်လည်သူနှစ်ဦးကို ဖော်ထုတ်ဖမ်းဆီး

**မြဝတီ ဇူလိုင် ၉**
ကရင်ပြည်နယ် မြဝတီမြို့တွင် ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ နှစ်ဦးကို အမည်မသိအမျိုးသားနှစ်ဦးက မြဝတီဘက်ကမ်းတွင် "စစ်တပ်က ဖုန်းတွေသိမ်းနေတယ်"ဟုပြောကာ ဖုန်းနှင့်ပါလာသော ငွေတို့အား လိမ်လည်၍ ယူဆောင်သွားသူအား မြဝတီလူမှုကွန်ရက်အဖွဲ့နှင့် တံတားလုံခြုံရေးတာဝန်ကျ တပ်ဖွဲ့ဝင်များ ပူးပေါင်းဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၈ ရက် ညနေပိုင်းက ထိုင်းနိုင်ငံ မဲဆောက်မြို့မှ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသော ချစ်ဝင်းဇော် (၂၃)နှစ် မင်းကတုံးကျေးရွာ ဒိုက်ဦးမြို့နယ် ပဲခူးတိုင်းဒေသကြီးနေသူသည် သူငယ်ချင်းများနှင့်အတူ ပြန်လာစဉ် ချစ်ကြည်ရေးတံတား (ထိုင်းဘက်ခြမ်း)တွင် အမည်မသိ အသက်(၂၀)ခန့် လူငယ်နှစ်ဦးက "မြဝတီဘက်ကမ်းသို့ လိုက်မလား ပို့ပေးမည်" ဖြစ်ကြောင်းပြော၍ လိုက်ပါလာစဉ် "မြဝတီဘက်ခြမ်းတွင် စစ်တပ်က ဖုန်းတွေသိမ်းတယ် ယူထားပေးမယ်ဟုပြောဆိုကာ ချစ်ဝင်းဇော်၏ SAMSUNG J7 ဖုန်းတစ်လုံးနှင့် မြန်မာငွေကျပ် ၁၁၀၀၀ တို့အား ယူပေးထားပြီး မြဝတီဘက်ကမ်းသို့ ရောက်ရှိစဉ် ခဏအကြာတွင် အဆိုပါလူငယ်နှစ်ဦးမှာ မရှိတော့ဘဲ ဖုန်းနှင့်ငွေတို့အား လိမ်လည်သွားသဖြင့် မြဝတီလူမှုကွန်ရက်အဖွဲ့သို့ အကူအညီတောင်းခံခဲ့သည်။

မြဝတီလူမှုကွန်ရက်အဖွဲ့က တံတားတာဝန်ကျတပ်ဖွဲ့ဝင်များထံ ဆက်လက်အကြောင်းကြား၍ ပူးပေါင်းစုံစမ်းခဲ့ရာ ဖုန်းနှင့်ငွေများ လိမ်လည်သွားသူမှာ အောင်တိုး(၂၇)နှစ် မြဝတီမြို့နေသူနှင့် ရဲကိုကို(ခ)ပန့်ဂတုံး မြဝတီမြို့နေသူတို့နှစ်ဦးဖြစ်ကြောင်း၊ ဝိုင်းဝန်းဖမ်းဆီးရာ လိမ်လည်ယူသွားသော ဖုန်း၊ငွေတို့နှင့်အတူ ပြန်လည်ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ဖုန်းနှင့်ငွေတို့ကို လိမ်လည်ယူဆောင်သွားသူနှစ်ဦး



ကို မြဝတီမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်းသိရသည်။

**မင်းသူ၊ထွန်းထွန်းထွေး (ဘားအံ)**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၉**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၄၄ စီး၊ သွင်းကုန် ၅၇၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၃၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဆေးစစ်မှုခံယူရန် အဲဗာတန်အသင်းလေ့ကျင့်ရေးကွင်းသို့ ရွှန်းနီ ရောက်လာပြီ



မန်ယူအသင်း၏ ထာဝရဂိုးသွင်းစံချိန်ရှင် ဝိန်းရွှန်းနီမှာ ဆေးစစ်မှုခံယူရန် ဇူလိုင် ၈ ရက်တွင် အဲဗာတန်အသင်းလေ့ကျင့်ရေးကွင်း ဖင့်ချ်ဖမ်းသို့ ရောက်ရှိလာပြီဖြစ်သည်။ ရွှန်းနီမှာ အဲဗာတန်အသင်းတွင် တစ်ပတ်လုပ်ခ ပေါင် ၁၆၀၀၀၀ သာ ရရှိမည်ဖြစ်ရာ မန်ယူတွင်ရရှိသော လုပ်ခလစာ၏ တစ်ဝက်နီးပါးပင် လျော့နည်းမည်ဖြစ်သည်။ ယင်းသို့သော အခြေအနေကြောင့် မန်ယူအသင်းမှ ရွှန်းနီ ထွက်ခွာမှုကို အင်္ဂလန်မီဒီယာအချို့က ပေါင် ၁၀ သန်းတန် လမ်းခွဲမှုအဖြစ် အမည်တပ်နေကြသည်။




ရွှန်းနီမှာ ဇူလိုင် ၄ ရက်ကတည်းက လီဗာပူးမြို့သို့ ရောက်ရှိနေခဲ့ပြီး နည်းပြ ကိုးမန်းနှင့် တွေ့ဆုံဆွေးနွေးမှုများ ချောချောမွေ့မွေ့ဖြစ်ခဲ့သည့်အတွက် အပြောင်းအရွှေ့မှာ လျင်လျင်မြန်မြန် အကောင်အထည်ပေါ်လာခဲ့ခြင်းဖြစ်သည်။ မန်ယူနည်းပြ မော်ရင်ဟို လက်အောက်တွင် ရွှန်းနီမှာ အဓိကပွဲထွက်စာရင်းမှ ချန်လှပ်ခံခဲ့ရပြီးနောက် အင်္ဂလန်နည်းပြ ဆောက်ဂိတ်ကပါ လက်ရွေးစင်အသင်း လူစာရင်းမှ ဖယ်ကျဉ်ခဲ့သည်။ သူ့ကို မေဂျာလိဂ်နှင့် စူပါလိဂ်အသင်းများမှလည်း ကမ်းလှမ်းထားသော်လည်း ရွှန်းနီက လက်ရွေးစင်ကစားသမားဘဝ မျှော်လင့်ချက်အတွက် အဲဗာတန်ကိုသာ ရွေးချယ်လိုက်ခြင်းဖြစ်သည်။

ရွှန်းနီသည် ဇူလိုင်လဆန်းမှာပင် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်မည့် မန်ယူအသင်းလူစာရင်းမှ နုတ်ထွက်ပြီးကတည်းက လီဗာပူးသို့ ရောက်နေခဲ့ခြင်းဖြစ်သည်။ သူသည် ၂၀၀၄ ခုနှစ်တွင် အဲဗာတန်မှ မန်ယူသို့ ပြောင်းရွှေ့ကြေး ပေါင် ၂၅ ဒသမ ၆ သန်းဖြင့် ရောက်ရှိလာခဲ့သူဖြစ်ပြီး ၁၃ နှစ် ကာလအကြာတွင် လူငယ်ကစားသမားဘဝ ကျင်လည်ခဲ့ရာ အဲဗာတန်အသင်းသို့ တစ်ကျော့ပြန်ရောက်ရှိသွားခြင်း ဖြစ်သည်။ အဲဗာတန်သည် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ဈေးကွက်အတွင်း မိုက်ကယ်ကိန်း၊ ဂျော်ဒန်ပစ်ဖို့ဒ်၊ ဒေဗီးကလာဆန်၊ ဆန်ဒရို ရာမီရက်ဇ်နှင့် အွန်ယီကရူးတို့ကို ခေါ်ယူနိုင်ခဲ့ပြီးဖြစ်ရာ ရွှန်းနီမှာ အဲဗာတန်အသင်း၏ ဆဋ္ဌမမြောက်ခေါ်ယူမှု ဖြစ်လာမည်ဖြစ်သည်။ ရွှန်းနီနှင့် အဲဗာတန်အသင်းတို့ ပြန်လည်လက်တွဲမှုသည် ၂၀၀၂-၂၀၀၃ ဘောလုံးရာသီက အာဆင်နယ်အသင်း၏ ၄၉ ပွဲဆက် ရှုံးပွဲမရှိစံချိန်ကို ရိုက်ချိုးဖျက်ဆီးပြခဲ့သည့် ပုံရိပ်ကို ပြန်လည်အသက်ဝင်လာစေခဲ့ကြောင်း မီဒီယာအတော်များများက အသားပေးဖော်ပြခဲ့ကြသည်။

ရွှန်းနီသည် မန်ယူအသင်းသို့ မပြောင်းရွှေ့မီ အဲဗာတန်အသင်းအတွက် ၇၇ ပွဲ ဝင်ရောက်ကစားခဲ့ပြီး ၁၇ ဂိုးသွင်းယူနိုင်ခဲ့သည်။ အဲဗာတန်ကို ရွေးချယ်လိုက်သည့် ရွှန်းနီ၏ ဆုံးဖြတ်ချက်ကို အင်္ဂလန်လက်ရွေးစင် ကစားသမား နောက်ဆုံးကြိုးပမ်းမှုအဖြစ်လည်း သုံးသပ်ဖော်ပြနေကြသည်။

မေလွဲ့သင်း
စုစည်းသည်

## လူကာကူမှာ ခံစစ်ကြောင်းကို ဖျက်ဆီးနေသည့် ကစားသမားဟု ဂယ်ရီနဗီးလ်ရှုမြင်



မန်ယူတိုက်စစ်မှူး လူကာကူဟာ စွမ်းဆောင်ရည်ပိုင်းကောင်းမွန်တဲ့ ကစားသမားဖြစ်ပေမယ့် နောက်တန်းခံစစ်ပိုင်းကို ဖျက်ဆီးသူအဖြစ် ရှုမြင်တာကြောင့် ဒီတိုက်စစ်မှူးကို မနှစ်သက်ဘူးလို့ မန်ယူနောက်ခံလူဟောင်း ဂယ်ရီနဗီးလ်က ဝေဖန်စကားဆိုပါတယ်။ မန်ယူအသင်းက ဇူလိုင် ၈ ရက် မနက်အစောပိုင်းမှာပဲ လူကာကူကို ပေါင် ၇၅ သန်းနဲ့ ခေါ်ယူနိုင်ခဲ့ပြီလို့ အတည်ပြုလိုက်ပြီးနောက် နဗီးလ်က အထက်ပါအတိုင်း ဝေဖန်ခဲ့တာပါ။

နဗီးလ်ကတော့ လူကာကူဟာ သွင်းဂိုးတွေ အများကြီးသွင်းယူနိုင်တဲ့ တိုက်စစ်မှူးဖြစ်ပေမယ့် ခံစစ်ကြောင်း ဖျက်ဆီးတဲ့ကစားဟန်ကြောင့် သူဟာ လူကာကူရဲ့ ပရိသတ်မဟုတ်ဘူးလို့ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ နဗီးလ်က တွစ်တာစာမျက်နှာပေါ်မှာ "သူဟာ မယုံနိုင်လောက်တဲ့ အစွမ်းအစတွေရှိသူဆိုပေမယ့် သူဟာ နောက်တန်းခံစစ်ကြောင်းကို ဖျက်ဆီးသူလို့ မြင်တာကြောင့် ပုဂ္ဂိုလ်ရေးအမြင်အရ ကျွန်တော်ဟာ သူ့ပရိသတ် မဟုတ်ပါဘူး"လို့ ရေးသားခဲ့တာဖြစ်ပါတယ်။ ကမ္ဘာ့စံချိန်တင်ကြေးရှင် ပေါ့ဘာကတော့ ဂယ်ရီနဗီးလ်နဲ့ ဆန့်ကျင်ဘက်အမြင်ရှိခဲ့ပြီး လူကာကူနဲ့ မန်ယူအသင်း ပူးပေါင်းမှုကို ကြိုဆိုကြောင်း "စောင့်စားခဲ့ရတာတွေ ကျော်လွန်ခဲ့ပြီ" ဆိုတဲ့စာသားကို လူမှုကွန်ရက်စာမျက်နှာထက်တွင် ရေးသားခြင်းဖြင့် ဖော်ပြခဲ့ပါတယ်။

မော်ရင်ဟို ချယ်လ်ဆီးကို ဒုတိယအကြိမ် ကိုင်တွယ်စဉ်က လူကာကူကို အဲဗာတန်အသင်းဆီ ရောင်းချခံခဲ့ရပေမယ့် လက်ရှိ အချိန်မှာတော့ သုံးဆနီးပါး တန်ဖိုးတက်လာခဲ့ပြီး မော်ရင်ဟိုရဲ့ ထိပ်တန်းဦးစားပေးတိုက်စစ်ပိုင်းအားဖြည့်ကစားသမား ဖြစ်လာတာပါ။ မန်ယူအသင်းက အသင်းခေါင်းဆောင်ဝိန်းရွှန်းနီနေရာ အစားထိုးဖို့ ရီးယဲလ် တိုက်စစ်အားသန် ကွင်းလယ်ကစားသမား ဂျမ်းရိုဒရီဂွက်ဇ်ကို ခေါ်ယူမယ်လို့လည်း သိရပါတယ်။

## မက်ဆီမှာ အစားထိုးမရသော ကစားသမားဟု အွန်နရီ ချီးကျူး

အာဆင်နယ်ဂန္ထဝင်တိုက်စစ်မှူး သီယာရီအွန်နရီက တိုက်စစ်မှူး မက်ဆီမှာ အစားထိုးမရနိုင်သည့် ကစားသမားဖြစ်ပြီး မက်ဆီနှင့် ဘာစီလိုနာအသင်းတို့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခြင်းအပေါ် ကြိုဆိုကြောင်း ပြောကြားခဲ့သည်။ အွန်နရီက မက်ဆီမှာ ဘာစီလိုနာအတွက် အစားထိုးမရသည့် ကစားသမားဖြစ်ပြီး ပြင်သစ်နိုင်ငံ လော့ဗ်ပြတိုက်ရှိ မိုနာလီဇာပန်းချီကားနှင့် အလားသဏ္ဌာန်တူသူဟု နှိုင်းယှဉ်မှုပြုခဲ့သည်။ အွန်နရီမှာ ၂၀၀၇ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ဘာစီလိုနာတွင် မက်ဆီနှင့် တွဲဖက်ကစားခဲ့ဖူးပြီး မက်ဆီ၏ အရည်အသွေးမှာ ဘာစီလိုနာအတွက် အစားထိုးမရသေးကြောင်း အွန်နရီက မှတ်ချက်ပြုခဲ့ခြင်းဖြစ်သည်။ မက်ဆီသည် ဘောလုံးလောက၏ ထာဝရအကောင်းဆုံးကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခံထားရသူဖြစ်ပြီး ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့တွင် ဘာစီလိုနာနှင့် ၂၀၂၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ်ကို လက်မှတ်ရေးထားခဲ့သည်။

## မန်ယူသို့ အီဗရာဟီမိုဗစ် ပြန်ရောက်လာနိုင်

ဒဏ်ရာပြဿနာကြောင့် ကာလရှည်အနားယူနေရသည့် တိုက်စစ်မှူး အီဗရာဟီမိုဗစ်မှာ ၂၀၁၈ ခုနှစ်အတွင်း မန်ယူသို့ ပြန်လည် ရောက်လာနိုင်ကြောင်း ဒေးလီးအိပ်ပရက်စ်သတင်းဌာနက ဖော်ပြသည်။ သူသည် အန်းဒါလက်ချ်အသင်းနှင့် ယှဉ်ပြိုင်ခဲ့သည့် ယူရိုပါလိဂ်ပွဲစဉ်အတွင်း ပြင်းထန်သည့် အရွတ်ကြောဒဏ်ရာရရှိခဲ့ပြီး လာမည့် နိုဝင်ဘာလလောက်မှ ပြန်လည်ကစားနိုင်ဖွယ်ရှိသည်။ သို့သော် အီဗရာဟီမိုဗစ်သည် လက်ရှိတွင် မန်ယူလေ့ကျင့်ရေးကွင်း ကာရင်တန်မှာပင် ကြံ့ခိုင်မှုပြန်လည်ရရှိရန် လုပ်ဆောင်နေပြီး ယခုထိလည်း မည်သည့်အသင်းနှင့်မျှ သဘောတူညီချက်မရသေးရာ နီးစပ်သူများက မန်ယူနှင့် အီဗရာဟီမိုဗစ်တို့ လက်တွဲမှုကို ပြန်လည်မြင်ရမည်ဟု သုံးသပ်နေခြင်းဖြစ်သည်။ မန်ယူအသင်းသည် အစောပိုင်းက အီဗရာဟီမိုဗစ်ကို တစ်နှစ် သက်တမ်းတိုးစာချုပ်ကမ်းလှမ်းမှုပြုခဲ့သော်လည်း ဒဏ်ရာပြဿနာကြုံခဲ့ပြီးနောက် အသင်းမှ ထွက်ခွာခွင့်ပေးခဲ့ခြင်းဖြစ်သည်။ မန်ယူသည် လက်ရှိတွင်လည်း တိုက်စစ်မှူး လူကာကူကို ခေါ်ယူနိုင်ခဲ့ပြီဖြစ်ရာ အီဗရာဟီမိုဗစ် ပြန်လည်ခေါ်ယူမည်လားဆိုသည်မှာလည်း နီးစပ်သူများ၏ ထင်မြင်ချက်ပင်ဖြစ်သည်။

## သားဖြစ်သူ လူကာဇီဒန်းကို ရီးယဲလ်အသင်းကြီးအတွက် ဇီဒန်းအားဖြည့်ခေါ်ယူ

ရီးယဲလ်နည်းပြ ဇီဒန်းက သူ၏ ဒုတိယသား လူကာဇီဒန်းကို ရီးယဲလ်အသင်းကြီးအတွက် အားဖြည့်ခေါ်ယူလိုက်ပြီဖြစ်ရာ စပိန်မီဒီယာများက "ဖအေတူသား" ကို မြင်တွေ့ရတော့မည်ဖြစ်ကြောင်း ရေးသားဖော်ပြနေကြသည်။ ဇီဒန်းသည် သားအကြီးဆုံး အန်ဇိုဇီဒန်းကို အလာဗက်စ်အသင်းသို့ ရောင်းချခဲ့သော်လည်း ဒုတိယသား လူကာကိုမူ ရီးယဲလ်အသင်းကြီးအတွက် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ လူကာသည် ပြီးခဲ့သည့် ဘောလုံးရာသီက ရီးယဲလ်( ခ)အသင်းတွင် လက်စွမ်းကောင်းပြသနိုင်ခဲ့ခြင်းကြောင့် ဇီဒန်းက အသင်းကြီးအတွက် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ရီးယဲလ်အသင်းတွင် နာဗက်စ်နှင့် ကီကိုကာဆီလာ တို့ရှိနေရာ လူကာကို တတိယဂိုးသမားနေရာအတွက် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

## နိုင်ဂိုလန်ကို ချယ်လ်ဆီးနှင့် မန်ယူတို့မှ အလိုရှိနေသော်လည်း ရောင်းချမည်မဟုတ်ဟု ရိုးမား ကတိပြု

စီးရီးအေကလပ် ရိုးမားအသင်းသည် ချယ်လ်ဆီး၊ မန်ယူအသင်းတို့၏ အဓိကပစ်မှတ်ဖြစ်နေသူ ကွင်းလယ်လူ နိုင်ဂိုလန်ကို ရောင်းချမည်မဟုတ်ကြောင်း ပရိသတ်များကို ကတိပြုစကားဆိုခဲ့သည်။ ရိုးမားအသင်းသည် အသင်း၏ အဓိကကစားသမားများဖြစ်သော ဆာလာ၊ ပါရီဒက်စ်တို့ကို ပြီးခဲ့သည့် ဇွန်လအတွင်းက ရောင်းချခဲ့ပြီးနောက် ရူဒီဂါနှင့် မင်နိုလက်စ်တို့ကိုလည်း ချယ်လ်ဆီးနှင့် ဇင်းနစ်အသင်းများသို့ ရောင်းချရန် နီးစပ်သည့်အနေအထားပင်ဖြစ်သည်။ သို့သော် ရိုးမားအားကစား ဒါရိုက်တာသစ် မိုချီက နိုင်ဂိုလန်ကို ဆက်ထိန်းမည်ဖြစ်ပြီး မည်သည့်ဈေးနှုန်းရရ ရောင်းချမည်မဟုတ်ကြောင်း ကတိပြုခဲ့သည်။

မန်ယူအသင်းသည် ယခုနှစ် နွေဈေးကွက်အတွင်း နိုင်ဂိုလန်ကို တောက်လျှောက် ချိတ်ဆက်ခဲ့သလို ချယ်လ်ဆီးနည်းပြ ကွန်တီကလည်း သူ၏အလိုရှိဆုံး ကစားသမားစာရင်းတွင် နိုင်ဂိုလန်ကို ယခုထိ ထည့်သွင်းထားဆဲဖြစ်ရာ ပရိသတ်များက နောက်ထပ် အဓိကကစားသမားတစ်ဦး ထပ်မံဆုံးရှုံးရဦးမည်လား ဟူသော စိုးရိမ်စိတ်ရှိနေခြင်းဖြစ်သည်။ သို့သော် မိုချီ၏ ယခုကတိစကားက ပရိသတ်များအတွက် အားတက်ဖွယ်ပင်ဖြစ်သည်။

ရိုးမားအသင်းသည် ယခုနှစ်နွေဈေးကွက်အတွင်း ကစားသမား အဝင်အထွက်ကြမ်းနေသည့်အသင်းဖြစ်ပြီး လော်ရန်ဇို ပယ်လီဂရီနီ၊ ဟက်တာ မော်ရီနို၊ မက်ဂ်ဇီ ဂေါ်နာလွန်တို့ကို ခေါ်ယူထားပြီးဖြစ်သည်။ ချယ်လ်ဆီးအသင်းသည် ကွင်းလယ်ပိုင်းအတွက် မိုနာကို ကွင်းလယ်လူ ဘာကာယိုကိုနှင့် နိုင်ဂိုလန်တို့ကို တစ်ပြိုင်နက်တည်း ပစ်မှတ်ထားခဲ့ခြင်းဖြစ်ပြီး ဘာကာယိုကိုမှာ ချယ်လ်ဆီးသို့ရောက်ရှိရန် နီးစပ်နေပြီဖြစ်ရာ နိုင်ဂိုလန်မှာ ချယ်လ်ဆီးအတွက် မဖြစ်မနေခေါ်ယူရမည့် အခြေအနေမျိုး မဟုတ်တော့ပေ။ သို့သော် မန်ယူအသင်းမှာ ကွင်းလယ်ပိုင်းအတွက် ကစားသမားခေါ်ယူအားဖြည့်မှုတွင်အခက်တွေ့နေပြီး အသင်း၏အဓိကပစ်မှတ် ဖာဘင်ဟိုမှာ မန်ယူနှင့် လာရောက်ပူးပေါင်းရေး ကြန့်ကြာနေသည့်အတွက် နိုင်ဂိုလန်ကို ခေါ်ယူရန် ခြေလှမ်းစိပ်စိပ်ဖြင့် ပိုမိုလှုပ်ရှားလာခြင်းဖြစ်သည်။

# မောင်တောမြို့နယ်၌ သစ်ပင် ၄၀၀၀၀ ကျော် စိုက်ပျိုး

**မောင်တော ဇူလိုင် ၉**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက်ပိုင်းက ဝေသာလီ-ကျောင်းတောင် ကားလမ်းဘေး ဂေါက်ကွင်းအနီး၌ ကျင်းပသည်။

အဆိုပါ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်သို့ မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့် မြို့နယ်တာဝန်ရှိသူများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ကျောင်းသားများ စုစုပေါင်း အင်အား ၄၀၀ ကျော် တက်ရောက်ကြပြီး တပျော်တပါး သစ်ပင် စိုက်ပျိုးကြသည်။

"ဒီကနေ့ ပျိုးပင်ပေါင်း ၆၀၀ စိုက်ပျိုးပါတယ်။ ဒါ့အပြင် မောင်တောမြို့နယ်မှာ ဒီနှစ် မိုးရာသီအတွက် လူထုဖြန့်နဲ့ကျေးလက် အိမ်ရာ ထူထောင်ရေးဆိုပြီး စုစုပေါင်းပျိုးပင် ၄၀၀၀၀ စိုက်ပျိုး ခဲ့ပါတယ်"ဟု မောင်တောမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ် ဦးမောင်မောင်လွင်က ပြောသည်။



သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ယူကလစ်၊ မန်ဂျန်ရှား၊ ပျဉ်းကတိုးနှင့် မဟော်ဂနီ အပင်ပေါင်း ၆၀၀ စိုက်ပျိုးနိုင်ခဲ့သည်။

ထို့အပြင် မောင်တောမြို့နယ်အတွင်း ဒေသအစုအဖွဲ့ပိုင် စိုက်ခင်းဧက ၃၀၀ စိုက်ပျိုးရန် လျာထားချက်အနက် ၃၄၇ ဧက အထိစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ မောင်တောမြို့နယ်အတွင်း ကြိုးဝိုင်း ကြိုးပြင် စုစုပေါင်း ဧက ၇၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ အောင်ကျော်ဦး**
**ဓာတ်ပုံ-သက္က**

**❖ အမျိုးသမီးတွဲဆိုင်းမှ**

အလဲထိုးဖြင့် လည်းကောင်း၊ ကေသွယ်ငြိမ်း(တနင်္သာရီ)မှ နီလာ (ကချင်)အား သုံးချီပြည့် ဒိုင်အမှတ်ပေးအဆုံးအဖြတ်ဖြင့် လည်းကောင်း၊ အမျိုးသမီးပွဲစဉ်နောက်ဆုံးတွဲဆိုင်းဖြစ်သည့် ရွှေရည်မိုး(တနင်္သာရီ)မှ အေးအေးခိုင်(ကချင်)အား ပထမအချီတွင် အလဲထိုးဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

ယင်းပြိုင်ပွဲများတွင် ကီလို ၅၄၊ ၅၇၊ ၆၀၊ ၆၃.၅ အမျိုးသား တွဲဆိုင်း ရှစ်ဆိုင်းနှင့် ကီလို ၄၈၊ ၅၁၊ ၅၄၊ ၆၃.၅ အမျိုးသမီး တွဲဆိုင်းငါးဆိုင်း စုစုပေါင်း တွဲဆိုင်း ၁၃ ဆိုင်းတို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။

**သတင်း-အေးမင်းသူ**

**✪ ကျောဖုံးမှ**

ယခုအခါ ဧရာဝတီမြစ်ရေမှာ မြင့်တက်လာပြီဖြစ်သည့် အပြင် မိုးပါများလာချိန်ဖြစ်သောကြောင့် လုပ်ငန်းများအချိန်မီ မပြီးစီးပါက ညောင်တုန်းမြစ်ကမ်းမှာ အထူးစိုးရိမ်ရသော အခြေအနေဖြစ်သဖြင့် မြို့လူထုမှာ စိုးရိမ်ပူပန်မှုများရှိခဲ့ရာ လုပ်ငန်းများအချိန်မီ ရာနှုန်းပြည့်ပြီးစီးသွားသဖြင့် စိတ်အေးရသော အခြေအနေဖြစ်ကြောင်း သိရသည်။

ဆိုးဆိုးရွားရွားကွဲအက်နိမ့်ကျခဲ့သော ညောင်တုန်းမြို့ (၂၁) လမ်းမြစ်ကမ်းတွင် ဘိုးပိုင်အခြေပြုကျောက်စီမြေထိန်းနံရံ အလျား ပေ ၂၅၀၊ မျောတိုင်တန်းအခြေထိန်း ရေကာတန်း အလျား ပေ ၂၅၀၊ ညောင်တုန်းမြို့ (၂၄) လမ်းမှ(၂၇)လမ်းအထိ မြစ်ကမ်းတွင် ဘိုးပိုင်အခြေပြုကျောက်စီမြေထိန်းနံရံ အလျား ပေ ၃၃၀ နှင့် မျောတိုင်တန်းအခြေထိန်း ရေကာတန်းများတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ညောင်တုန်းမြစ်ကမ်းကာကွယ်ထိန်းသိမ်းရေးအတွက် ခွင့်ပြုရန်ပုံငွေ သိန်း ၉၀၀၀ ကျခံ သုံးစွဲဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ ဧရာဝတီမြစ်ရေမြင့်တက်လာသော်လည်း ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံ အခိုင်အမာတည်ဆောက်ထားနိုင်ပြီဖြစ်သည့်အတွက် စိုးရိမ်စရာမရှိကြောင်း သိရသည်။

ညောင်တုန်းမြစ်ကမ်းမှာ ၁၉၈၇-၁၉၈၈ ခုနှစ်မှ စတင်၍ မြစ်ကမ်းပြိုမှု အန္တရာယ်ကို ကြုံတွေ့ခဲ့မှုကြောင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို နှစ်စဉ် ငွေကြေးမြောက်မြားစွာ အကုန်အကျခံ ဆောင်ရွက်ခဲ့ရသော်လည်း နှစ်စဉ်ပင်စိုးရိမ်ပူပန်မှုများဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ မိုးရာသီ ရောက်ချိန်တိုင်းတွင် ပိုမို၍ ငွေအားလူအားများဖြင့် ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြရကြောင်း၊ လွန်ခဲ့သောနှစ်က ပိုမို၍စိုးရိမ်ခဲ့ရကြောင်း သိရသည်။

ယခုအခါ ဧရာဝတီမြစ်ရေမှာ သိသိသာသာ မြင့်တက်လျက်ရှိသော်လည်း ယခုနှစ်စိုးရိမ်ရသော (၂၁)လမ်းနှင့်(၂၄)လမ်းမှ (၂၇)လမ်းအထိ မြစ်ကမ်းတစ်လျှောက်တွင် ဘိုးပိုင်အခြေပြုကျောက်စီ မြေထိန်းနံရံများ၊ မျောတိုင်တန်းအခြေထိန်းရေကာတန်းများ အချိန်မီတည်ဆောက်ပြီးစီးသဖြင့် စိတ်ချရသောအခြေအနေဖြစ်ပြီး ရေတက်လာချိန်တွင် အဆင်ပြေလျက်ရှိသဖြင့် ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံများ တည်ဆောက်ရန် ကျန်ရှိနေသေးသော မြစ်ကမ်းနေရာများတွင်လည်း လာမည့်နွေရာသီတွင် ဆက်လက်တည်ဆောက်ပေးရန် ဒေသခံများက လိုလားလျက်ရှိကြကြောင်း သိရသည်။ **နေလင်း(ညောင်တုန်း)**












# တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေကြမ်း

**ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**ယမန်နေ့မှအဆက်**

(စ) မျိုးသုဉ်းမည့်အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးအတွက် လမ်းညွှန်ခြင်း၊

(ဆ) သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊

(ဇ) နိုင်ငံခြားတိုင်းပြည်များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း။

**အခန်း (၄)**

**သဘာဝနယ်မြေများသတ်မှတ်ခြင်းနှင့် တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များ တည်ထောင်ခြင်း**

၇။ သဘာဝနယ်မြေအမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သိပ္ပံကြိုးဝိုင်း၊

(ခ) အမျိုးသားဥယျာဉ်၊

(ဂ) အဏ္ဏဝါအမျိုးသားဥယျာဉ်၊

(ဃ) သဘာဝကြိုးဝိုင်း၊

(င) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊

(စ) ဘူမိရူပထူးခြားသည့်ကြိုးဝိုင်း။

၈။ ဝန်ကြီးသည်

(က) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မည်သည့်ဒေသတွင်မဆို ဤဥပဒေ၏ ရည်ရွယ်ချက်အလို့ငှာ လိုအပ်လျှင် အမိန့်ကြော်ငြာစာထုတ်ပြန်၍

(၁) သဘာဝနယ်မြေများကို အမျိုးအစားအလိုက် သတ်မှတ်နိုင်သည်၊

(၂) တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များကို တည်ထောင်နိုင်သည်။

(ခ) သစ်တောနယ်မြေမှအပ အခြားအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း တစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသော မြေတွင် ပုဒ်မခွဲ (က)အရ သတ်မှတ်တည်ထောင်လိုပါက သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်း ဆောင်ရွက်ရမည်၊

(ဂ) ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေတွင် ပုဒ်မခွဲ (က)အရ သတ်မှတ်တည်ထောင်လိုပါက တည်ဆဲမြေသိမ်းယူခြင်းဆိုင်ရာ ဥပဒေများနှင့်အညီ မြေသိမ်းယူရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်၊

(ဃ) မည်သည့်နယ်မြေ၊ မည်သည့်နယ်နိမိတ်အတွင်း ပုဒ်မခွဲ (က) အရ သတ်မှတ် တည်ထောင်ရန် ရည်ရွယ်ကြောင်း သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ကြိုတင်ကြေညာရမည်၊

(င) ပုဒ်မခွဲ (က)အရ သတ်မှတ်တည်ထောင်မည့် သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးရန်နှင့် နယ်မြေသတ်မှတ်တည်ထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ပဏာမ စိစစ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးရမည်။

၉။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) ပုဒ်မ ၈ အရ သတ်မှတ်ထားသည့် သဘာဝနယ်မြေတစ်ခု၏ ဧရိယာတစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပြင်ဆင်ခြင်း၊ အမျိုးအစားပြောင်းလဲ သတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်၊

(ခ) ပုဒ်မ ၈ အရ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်၏ ဧရိယာတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၁၀။ ဝန်ကြီးသည် -

(က) ပုဒ်မ ၈ အရ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို တစ်ခုချင်းအလိုက် ကြီးကြပ်ကွပ်ကဲရန် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်၊

(ခ) ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၁၁။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၈ အရ သတ်မှတ်တည်ထောင်မည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများအတွက် သင့်လျော်သော အခွင့်အရေးများ၊ အကျိုးခံစားခွင့်များကို ဝန်ကြီး၏ သဘောတူညီချက်ဖြင့် စီစဉ်ဆောင်ရွက်ရမည်။

၁၂။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် -

(က) သဘာဝနယ်မြေအတွင်း လုံးဝတားမြစ်ထားသောဒေသမှအပ သိပ္ပံဆိုင်ရာသုတေသနပြုလုပ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကြည့်ရှုလေ့လာခြင်းနှင့် အပန်းဖြေခြင်းတို့ကို စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုနိုင်သည်၊

(ခ) သဘာဝနယ်မြေများအတွင်းသို့ ပြင်ပပတ်ဝန်းကျင်မှ အန္တရာယ်မကျရောက်စေရန်နှင့် ထိခိုက်နှောင့်ယှက်မှုများမရှိစေရန် လိုအပ်သောအစီအမံများချမှတ်ဆောင်ရွက်နိုင်သည်၊

(ဂ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို နိုင်ငံခြားတိုင်းပြည်များနှင့် အလဲအလှယ် ပြုလုပ်နိုင်သည်၊

(ဃ) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားတိုးတက်ရေးနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်ပါက အမာခံထိန်းသိမ်းရေးနယ်မြေအား ထိခိုက်မှုမရှိစေဘဲ သဘာဝနယ်မြေများ၏ အတွင်းတွင်လည်းကောင်း၊ နယ်နိမိတ်အစပ်တွင်လည်းကောင်း ကြားခံနယ်မြေ သတ်မှတ်ပေးရမည်။ သတ်မှတ်ထားသည့် ကြားခံနယ်မြေတွင် ဒေသခံ ပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း၊ ဒေသခံအခြေပြုခရီးသွားလုပ်ငန်းနှင့် ဒေသခံများ စီမံအုပ်ချုပ်သည့် အဏ္ဏဝါရေပြင်ဧရိယာဖြင့် စီမံအုပ်ချုပ်ခြင်းတို့ကို စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုပေးနိုင်သည်၊

(င) သဘာဝနယ်မြေများအတွင်း သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် စပ်ဆိုင်သော လုပ်ငန်းရပ်များနှင့် ပတ်သက်၍ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် စီးပွားရေး အဖွဲ့အစည်းတစ်ခုခုက လုပ်ကိုင်လိုကြောင်း သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ လျှောက်ထားလာခြင်း ကို စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်၊

(စ) သဘာဝနယ်မြေများအတွင်း ထိန်းသိမ်းကာကွယ်ထားသော ဂေဟစနစ်များမှရရှိသည့် ဂေဟစနစ်ဝန်ဆောင်မှုများအပေါ် အခကြေးငွေပေးဆောင်စေခြင်းစနစ်ကို သတ်မှတ်နိုင်သည်၊

(ဆ) ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဇီဝမျိုးစုံမျိုးကွဲ ရေရှည်တည်တံ့ရေးကို ဟန်ချက်ညီစွာ ဖော်ဆောင်နိုင်သည့် ဒေသခံ ပြည်သူပူးပေါင်းပါဝင်သည့် သဘာဝနယ်မြေ စီမံအုပ်ချုပ်မှုကို ကျင့်သုံးရန် ခွင့်ပြုနိုင်သည်၊

(ဇ) ပုဒ်မ ၁၂၊ ပုဒ်မခွဲ(င)အရ သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် စပ်ဆိုင်သော လုပ်ငန်းရပ်များကို ခွင့်ပြုသည့်အခါ သစ်တောဦးစီးဌာနသည် လိုက်နာရမည့် စည်းကမ်းချက်များနှင့်အတူ ခွင့်ပြုချက်ကို လျှောက်ထားသူအား ထုတ်ပေးရမည်၊

(ဈ) ပုဒ်မ ၁၂၊ ပုဒ်မခွဲ(င)အရ ငြင်းပယ်သည့်အမိန့်ကို ကျေနပ်မှုမရှိသူသည် အဆိုပါ အမိန့်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံဝင်နိုင်သည်။ ဝန်ကြီးဌာန၏ အဆုံးအဖြတ်သည် အပြီးအပြတ် ဖြစ်သည်။

၁၃။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) သဘာဝနယ်မြေအတွင်း တောရိုင်းတိရစ္ဆာန်များ အရှည်တည်တံ့နေစေရေးအတွက် ဦးရေ အမျိုးအစားမျှတစေရန် ဖမ်းဆီးခြင်း၊ သုတ်သင်ခြင်းပြုရန် အစီအမံများ ချမှတ်ဆောင်ရွက်နိုင်သည်၊

(ခ) ပုဒ်မ ၈ အရ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်အတွင်း ကြည့်ရှုလေ့လာ အပန်းဖြေသူများကလိုက်နာရမည့် စည်းကမ်းချက်များကို သတ်မှတ်ပြီး အများပြည်သူသိရှိရန် ကြေညာထားရမည်။

၁၄။ သစ်တောဦးစီးဌာနသည် ကော်မတီကဖြစ်စေ၊ ဝန်ကြီးကဖြစ်စေ ချမှတ်သော လမ်းညွှန်ချက်များနှင့် အညီ သဘာဝနယ်မြေအမျိုးအစားအလိုက် အောက်ပါလုပ်ငန်း တာဝန်များကို ဆောင်ရွက်ရမည် -

(က) သိပ္ပံကြိုးဝိုင်းအတွင်း သဘာဝသိပ္ပံဆိုင်ရာဖြစ်စဉ် ပြောင်းလဲမှုများကို သုတေသနပြုလုပ်နိုင်ရန် ကာကွယ်ထိန်းသိမ်းခြင်း၊

(ခ) အမျိုးသားဥယျာဉ်အတွင်း ဂေဟစနစ်များကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် သဘာဝအနေအထားကို ထိခိုက်ပျက်စီးမှုမရှိစေဘဲ သုတေသနပြုလုပ်နိုင်ရန်နှင့် အများပြည်သူ ကြည့်ရှုလေ့လာ အပန်းဖြေနိုင်ရန် ခွင့်ပြုခြင်း၊

(ဂ) အဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်း သဘာဝအတိုင်းပေါက်ဖွားကျက်စားနေသော သတ္တဝါများ၊ ယင်းတို့၏ နေရင်းဒေသများဖြစ်သော သန္တာကျောက်တန်းများ၊ ကျောက်ပန်းကျောက်ခက်များ၊ ရေညှိရေမှော်များနှင့် ကမ်းခြေတစ်လျှောက်နှင့် မြစ်ဝများတွင် ပေါက်ဖွားကျက်စားသည့် တောရိုင်းတိရစ္ဆာန်များ၊ ယင်းတို့၏ နေရင်း ဒေသများကို သဘာဝအတိုင်း တည်ရှိနေစေရန် ကာကွယ်ထိန်းသိမ်းခြင်း၊

(ဃ) သဘာဝကြိုးဝိုင်းအတွင်း ထူးခြားထင်ရှားသော သဘာဝအပင်များနှင့် သဘာဝအတိုင်း ဆင့်ကဲဖြစ်ပေါ်နေသော ဂေဟစနစ်များ အရှည်တည်တံ့နေစေရန် ကာကွယ်ထိန်းသိမ်းခြင်း၊

(င) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း တောရိုင်းတိရစ္ဆာန်များ အနှောင့်အယှက် ကင်းရှင်းစွာ ကျက်စားနိုင်ရန် ကာကွယ်ထိန်းသိမ်းခြင်းနှင့် ရာသီအလိုက် ဒေသပြောင်းရွှေ့ကျက်စားလေ့ရှိသော ငှက်များ ရောက်ရှိ ရပ်နားရာဒေသများနှင့် ရေဝပ်ဒေသများကို ထိန်းသိမ်းရေးအတွက် ပြည်တွင်း သို့မဟုတ် ပြည်ပအစိုးရဌာနများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) ဘူမိရူပထူးခြားသည့် ကြိုးဝိုင်းအတွင်း ထူးခြားလှပသည့် သဘာဝအနေအထားများနှင့် ရှိုးရာဓလေ့များဖြင့် ထင်ရှားသည့်ဒေသများကို ထိန်းသိမ်းခြင်း၊

(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် သဘာဝနယ်မြေများ ကာကွယ်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ နည်းပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းပေးခြင်း။

**အခန်း (၅)**

**ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ**

၁၅။ သစ်တောဦးစီးဌာနသည် ဝန်ကြီး၏သဘောတူညီချက်ဖြင့်-

(က) မျိုးသုဉ်းမည့်အန္တရာယ်ရှိသဖြင့် ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်များကို နိုင်ငံတော်၏ လိုအပ်ချက်အရ ကာကွယ်ထိန်းသိမ်းရန် အလို့ငှာ အောက်ပါအမျိုးအစားအတိုင်း သတ်မှတ်ကြေညာရမည် -

(၁) လုံးဝ ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ

(၂) သာမန် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ

(၃) ရာသီအလိုက် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ

(ခ) မျိုးသုဉ်းမည့်အန္တရာယ်ရှိသဖြင့် ကာကွယ်ရမည့် သဘာဝအပင်များကို နိုင်ငံတော်၏ လိုအပ်ချက်အရ ကာကွယ်ထိန်းသိမ်းနိုင်ရန် အလို့ငှာ အမျိုးအမည်နှင့် နေရာဒေသကို သတ်မှတ်ကြေညာရမည်၊

(ဂ) မျိုးသုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ ကာကွယ်ထိန်းချုပ်နိုင်ရန် အလို့ငှာ အမျိုးအစားခွဲခြားပြီး သတ်မှတ် ကြေညာရမည်၊

(ဃ) မျိုးသုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအား ကာကွယ်ရန်အစီအမံများ ချမှတ်ဆောင်ရွက်ရမည်၊

(င) မျိုးသုဉ်းမည့်အန္တရာယ်ရှိသဖြင့် ကာကွယ်ရန်သတ်မှတ်မည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များသည် အခြားသော အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်း၏ စီမံခန့်ခွဲမှု အောက်တွင်ရှိနေပါက သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ရမည်၊

(စ) မျိုးသုဉ်းမည့်အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင် ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ ထိန်းချုပ်နိုင်ရန် -

(၁) ညွှန်ကြားရေးမှူးချုပ်အား မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်း၏ မြန်မာနိုင်ငံဆိုင်ရာ စီမံအုပ်ချုပ်မှု အခွင့်ရပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်နိုင်ရန် သတ်မှတ်ပေးရမည်၊

(၂) မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်း၏ မြန်မာနိုင်ငံဆိုင်ရာ သိပ္ပံပညာရပ်တာဝန်ခံပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်နိုင်ရန် သင့်လျော်သူ တစ်ဦး သို့မဟုတ် တစ်ဦးထက်ပို၍ သတ်မှတ်တာဝန်ပေးရမည်၊

(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် သဘာဝအပင်များ ကာကွယ်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ နည်းပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းပေးရမည်။

၁၆။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် -

(က) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ကူးသန်းရောင်းဝယ်ရာတွင် ကာကွယ်ထိန်းချုပ်သည့် တောရိုင်းတိရစ္ဆာန်များအနက် သတ်မှတ်သည့် အမျိုးအစားတွင်ပါဝင်သော တိရစ္ဆာန်ကိုဖြစ်စေ၊ သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်နိုင်ရေးအတွက် သုတေသနပြုလုပ်ခွင့်ရသော ပြည်တွင်း သို့မဟုတ် ပြည်ပမှအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား စည်းကမ်းချက်များ သတ်မှတ်၍ ဖမ်းဆီးခွင့်၊ သယ်ဆောင်ခွင့်နှင့် လက်ဝယ်ထားခွင့်ပြုနိုင်သည်၊

(ခ) ကာကွယ်ထားသည့် သဘာဝအပင်ကို သိပ္ပံဆိုင်ရာသုတေသနပြုလုပ်နိုင်ရေးအတွက် သုတေသနပြုလုပ်ခွင့်ရသူအား စမ်းသပ်ခြင်း၊ မျိုးပွားခြင်းပြုနိုင်ရန် ထိန်းသိမ်းထားသည့် သဘာဝနယ်မြေမှ ထုတ်ယူခွင့်၊ သယ်ဆောင်ခွင့်၊ လက်ဝယ်ထားခွင့် ပြုနိုင်သည်၊

(ဂ) မျိုးသုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့်တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ ယင်းတို့၏ အစိတ်အပိုင်းနှင့် ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းများကို သုတေသနလုပ်ငန်းအတွက်ဖြစ်စေ၊ သိပ္ပံနည်းကျ အမျိုးအမည်ခွဲခြားရန်ဖြစ်စေ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ် တစ်ဦးဦးအား ပြည်ပသို့ တင်ပို့ခွင့်နှင့် သယ်ဆောင်ခွင့်ပြုနိုင်သည်၊

(ဃ) ပြည်ပမျိုး တောရိုင်းတိရစ္ဆာန်များကို သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်နိုင်ရေးအတွက် သုတေသနပြုလုပ်ခွင့်ရသော ပြည်တွင်း သို့မဟုတ် ပြည်ပ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ် တစ်ဦးဦးအား စည်းကမ်းသတ်မှတ်ချက်ဖြင့် တင်သွင်းခွင့်၊ လက်ဝယ်ထားခွင့် ပြုနိုင်သည်၊

**ဆက်လက်ဖော်ပြပါမည်။**

ကြေးမုံ
ဇူလိုင် ၁၀၊ ၂၀၁၇

# သစ်ပင်များကို စိုက်ပျိုးရုံသာမက ရှင်သန်လာအောင် စနစ်တကျ ဂရုတစိုက်ပြုစုပျိုးထောင်

**ပဲခူး ဇူလိုင် ၉**

ပဲခူးမြို့အထက(ခွဲ)စာလေးကွင်းကျောင်း၌ ဇူလိုင် ၉ ရက် နံနက် ၈ နာရီက ပဲခူးတိုင်းဒေသကြီးပညာရေးဌာနမှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား စိုက်ပျိုးမည့်သစ်ပင်များအား ပေးအပ်သည်။

ထို့နောက် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပဲခူးတိုင်းဒေသကြီးကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့အထိမ်းအမှတ်အဖြစ် ဝန်ကြီးချုပ်က ရတနာတန်းဝင် ကံ့ကော်ပင်ကိုလည်းကောင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှမျိုးဆွေက သင်ဝင်ပင်ကိုလည်းကောင်း၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်က ခရေပင်ကိုလည်းကောင်း၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးကျော်မင်းစံက ကျွန်းပင်ကိုလည်းကောင်း၊ တိုင်းဒေသ ကြီးပညာရေးညွှန်ကြားရေးမှူးဆရာမကြီးဒေါ်မြင့်မြင့်သန်းက ပိတောက်ပင်ကိုလည်းကောင်း စိုက်ပျိုးပေးကြသည်။

ယင်းနောက် တက်ရောက်လာကြသော လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ငု၊ ပိတောက်၊ ခရေ၊ ကံ့ကော်၊ တည်၊ ကျွန်း၊ ပျဉ်းကတိုး၊ ကုက္ကို၊ စိန်ပန်း စသည့်အရိပ်ရသစ်ပင် ၂၀၀ ကျော်အား စိုက်ပျိုးကြပြီး ဆရာ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များနှင့် ဒေသခံပြည်သူများ သစ်ပင်စိုက်ပျိုးနေမှုအား ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက လိုက်လံကြည့်ရှုပြီး စိုက်ပျိုးပေးနေရုံသာမက ရှင်သန်လာအောင်လည်း စနစ်တကျ ဂရုတစိုက်ပြုစုပျိုးထောင်ပေးခြင်းကိုလည်း ပြုလုပ်ပေးကြရန် မှာကြားခဲ့သည်။

ဆက်လက်၍ ဝန်ကြီးချုပ်က ကျောင်းသားများ အားကစားပြုလုပ်နိုင်ရန်အတွက် အားကစားဘောလုံးများ ပေးအပ်လှူဒါန်းခဲ့သည်။ ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့အထိမ်းအမှတ်အဖြစ် ပဲခူးမြို့ရှိ အခြေခံပညာကျောင်းများတွင်လည်း အရိပ်ရသစ်ပင်များနှင့် သီးပင်၊ စားပင်၊ ပန်းပင်များ စိုက်ပျိုးခြင်း၊ ကျောင်းပတ်ဝန်းကျင် စုပေါင်းသန့်ရှင်းရေး လုပ်ဆောင်ခြင်းများ ပြုလုပ်ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့ ပန်းချယ်ရီပန်းခြံတွင်ထားရှိမည့် ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးရုပ်အား ဇူလိုင် ၉ ရက် နံနက် ၉ နာရီက ကျွန်းလှမြို့သို့ ရောက်ရှိရာ လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မြို့နယ် အလုပ်အမှုဆောင်များ၊ ရပ်ကွက် ကျေးရွာအလုပ်အမှုဆောင်များနှင့် ဒေသခံပြည်သူတို့က စည်ကားသိုက်မြိုက်စွာဂုဏ်ပြုကြိုဆိုကြကြောင်းသိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

## အဆင့်မြင့် မြသီတာဖူဆယ်အားကစားဖိတ်ခေါ်ဖလားဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းကျင်းပ

**ဒဂုံမြို့သစ်(ဆိပ်ကမ်း) ဇူလိုင် ၉**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စစ်တောင်းရိပ်မွန်(၉၂)ရပ်ကွက် ယုဇနဥယျာဉ်မုခ်ဦးဝအနီး တန်ဖိုးနည်းအိမ်ရာ တိုက်တန်းလျားဘေးရှိ မြသီတာပန်းခြံအတွင်း၌ အဆင့်မြင့် မြသီတာဖူဆယ်အားကစားကွင်းတွင် ဖိတ်ခေါ်ဖလားပြိုင်ပွဲကျင်းပရာ ပွဲစဉ်အလိုက် အသင်းပေါင်း ၄၀ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် ဇူလိုင် ၈ ရက် ညနေ ၄ နာရီက Panda FC အသင်းနှင့် Young Boy အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ Panda FC အသင်းက ငါးဂိုး နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဆုဖြိုးရဲ ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးမြင့်သိန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ဆုရရှိသည့်အသင်းများကို ဆုများချီးမြှင့်ကြကြောင်းသိရသည်။ **(၅၁၂)**



## စည်းကမ်းတကျ အမှိုက်စွန့်ပစ်ရေး သန်လျင်စက်ဘီးချစ်သူများအဖွဲ့ စုပေါင်းလှည့်လည်လှုံ့ဆော်

**ရန်ကုန် ဇူလိုင် ၉**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် စည်းကမ်းတကျ အမှိုက်စွန့်ပစ်ရေး အသိပညာပေးခြင်းလုပ်ငန်းအား သန်လျင်စက်ဘီးချစ်သူများအဖွဲ့မှ စုပေါင်း၍ ဇူလိုင် ၉ ရက် နံနက် ၆ နာရီက မြို့တွင်း ၇ ရပ်ကွက်သို့ အသိပညာပေး လှုံ့ဆော်ခဲ့ကြောင်း သိရသည်။

သန်လျင်စက်ဘီးချစ်သူများ စုပေါင်းအဖွဲ့သည် ပရဟိတလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် စည်းကမ်းတကျ အမှိုက်ပစ်စို့ စာတန်းပါ အသိပညာပေး အင်္ကျီအားဝတ်ဆင်၍ အင်အား ၇၀ ကျော်က သန်လျင်မြို့ မြို့သစ်အရှေ့ရပ်ကွက် ပြည်တော်သာလမ်း Calorie (Café & Bakery) ဆိုင်ရှေ့မှ စတင်ကာ မြို့သစ်အရှေ့ရပ်ကွက်၊ မြို့သစ်အလယ်ရပ်ကွက်၊ မြို့သစ်အနောက်ရပ်ကွက်၊ ဒါရိုကာရပ်ကွက်၊ မြို့မမြောက်ရပ်ကွက်၊ မြို့မတောင်ရပ်ကွက်နှင့် ပဲခူးစုရပ်ကွက်အတွင်းသို့ စက်ဘီးများစီးကာ စည်းကမ်းတကျ အမှိုက်စွန့်ပစ်ရေး လှည့်လည်လှုံ့ဆော်ခဲ့ကြောင်း သိရသည်။

စက်ဘီးချစ်သူများ စုပေါင်းအဖွဲ့အနေဖြင့် သန်လျင်မြို့တွင်း ပရဟိတအဖွဲ့များနှင့် ပူးပေါင်းကာ ပြည်သူများအား အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး သန်လျင်မြို့သူ၊ မြို့သားများအနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီပြီး ကျန်းမာရေးနှင့် ညီညွတ်သော စက်ဘီးစီးခြင်းဖြင့် အသိပညာပေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ကာ သန့်ရှင်းသပ်ရပ်ပြီး အမှိုက်ကင်းစင်သော မြို့တစ်မြို့ ဖြစ်စေရေး စုပေါင်းပါဝင်စေလိုကြောင်း စက်ဘီးဖြင့် လှည့်လည်လှုံ့ဆော်ပွဲတွင် ကိုယ်တိုင်ပါဝင်ဆင်နွှဲခဲ့သော တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်းက ပြောသည်။

**သက်နိုင်(သန်လျင်)**

# မိုးရွာသွန်းမှုအားကောင်းသည့် မိုးလယ်ကာလ ရေဘေးအန္တရာယ်ကာကွယ်ရေး ကြိုတင်ပြင်ဆင်

**မန္တလေး ဇူလိုင် ၉**

မိုးရွာသွန်းမှုအခြေအနေများ အားကောင်းသည့် ယခုလိုမိုးလယ်ကာလတွင် ရေဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ထားသင့်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန (အထက်မြန်မာပြည်ဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက အကြံပြုပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ မိုးလယ်ကာလမှာ ယခုဇူလိုင်လမှ ဩဂုတ်လအထိ ရက်ပေါင်း ၆၂ ရက် ရှိပြီး အဆိုပါကာလသည် မုတ်သုံလအထွတ်အထိပ်ကာလဖြစ်သည်နှင့်အညီ လေဖိအားနည်းရပ်ဝန်းများကြောင့်လည်းကောင်း၊ အရှေ့လေပွေလိုင်းများကြောင့်လည်းကောင်း၊ အရှေ့ဘက်ခြမ်းမှ မုန်တိုင်းအကြွင်းအကျန်များကြောင့်လည်းကောင်း မိုးရွာသွန်းမှုအားကောင်းသည့်အပြင် ဇူလိုင်လမှအောက်တိုဘာလ အချိန်သည် မြစ်ရေကြီးမှုကြောင့် ရေဘေးအန္တရာယ်ကြုံတွေ့နိုင်သည့်ကာလဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။

"မိုးလယ်ကာလက အခုမှအစပဲရှိပါသေးတယ်။ ဒါကြောင့် အခုအချိန်ကတည်းက ရေဘေးအန္တရာယ်လျော့ပါးရေးအတွက် ကြိုတင်ကာကွယ်ပြင်ဆင်မှုတွေ လုပ်ထားသင့်တဲ့အချိန်ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ထို့ပြင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ လူမှုကွန်ရက်စာမျက်နှာတွင် မိုးလေဝသဖြစ်စဉ်များနှင့် ပတ်သက်သည့် ခန့်မှန်းချက်များ၊ သတိပေးချက်များအား စာသားများဖြင့် ရေးသားထုတ်ပြန်ပေးထားသည့်အပြင် စာရင်းဇယားများ၊ မှတ်တမ်းအချက်အလက်များနှင့်အတူ မြေပုံကားချပ်များဖြင့်ပါ ထုတ်ပြန်ပြသပေးထားသည့်အတွက် ရေဖြင့်စီမံခန့်ခွဲရသည့် ဌာနများအနေဖြင့် အလွယ်တကူသိရှိ၍ လိုအပ်သလို ကြိုတင်စီမံခန့်ခွဲနိုင်မည်ဖြစ်ပြီး အဆိုပါအချက်အလက် မှတ်တမ်းများကို ရေရှည်ထိန်းသိမ်းထားခြင်းဖြင့်လည်း နောင်တွင် အကျိုးရှိစွာသုံးစွဲနိုင်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

လက်ရှိတွင် မန္တလေးမြို့၏ ဧရာဝတီ မြစ်ရေမြင့်တက်မှုအခြေအနေမှာ ဇူလိုင် ၇ ရက် မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ မြစ်ရေသည် ၁၀၅၅ စင်တီမီတာအထိရောက်ရှိနေပြီး မန္တလေးမြို့၏ စိုးရိမ်ရေမှတ် ၁၂၆၀ စင်တီမီတာသို့ ရောက်ရှိရန် ၂၀၀ စင်တီမီတာ၊ ၇ ပေ ခန့် လိုအပ်နေသေးသော်လည်း ဇူလိုင် ၉ ရက်မှ ၁၂ ရက်အထိ ကာလအတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးရွာသွန်းမှု ပြန်လည်အားကောင်းလာမည်ဟု ခန့်မှန်းထားသည်။

မန္တလေးမြို့၏ မြစ်ရေမြင့်တက်မှုအနေဖြင့် ၂၀၀၄ ခုနှစ် ဇူလိုင်လ ၂၇ ရက်တွင် ၁၃၈၂ စင်တီမီတာအထိ မြင့်တက်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဩဂုတ် ၁ ရက်တွင် ၁၃၂၅ စင်တီမီတာအထိ ရောက်ရှိခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ချုပ်(အခြေခံ)သင်တန်းဆင်း

**ချီဖွေ ဇူလိုင် ၉**

ကချင်ပြည်နယ် ချီဖွေမြို့နယ်ရှိ ကျေးလက်ဒေသနေ အမျိုးသမီးများ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုပညာများတတ်မြောက်စေရေး စက်ချုပ်(အခြေခံ)သင်တန်းကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဖွင့်လှစ်သင်ကြားပေးရာမှ ဇူလိုင် ၉ ရက် နံနက် ၉ နာရီက အဆိုပါ စက်ချုပ်(အခြေခံ) သင်တန်းဆင်းပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းမြင့်က ယခုသင်တန်းသည် နိုင်ငံတော်အစိုးရ၏ စေတနာဖြင့် ဒေသခံအမျိုးသမီးများအလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးနှင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုပညာများတတ်ကျွမ်းကာအိုးအိမ်မကွာ ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ကာလတိုတောင်းသော်လည်း အခြေခံဘာသာရပ်များ တတ်မြောက်ပြီးဖြစ်သဖြင့် ကျွမ်းကျင်သည်အထိ ဆက်လက်ဆည်းပူးလေ့လာကာ ကြိုးစားကြစေလိုကြောင်းဖြင့်ပြောကြားသည်။

အဆိုပါ သင်တန်းကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် သင်တန်းတွင် အခြေခံလက်ချုပ် စက်ချုပ်၊ လုံချည်၊ ပုဆိုးချုပ်၊ ကလေးဘောင်းဘီ အင်္ကျီ၊ အမျိုးသမီးဝတ် ဘလောက်စ်စသည့် ချုပ်လုပ်မှုအတတ်ပညာများအား မြစ်ကြီးနားမြို့ အိမ်တွင်းမှုသက်မွေးပညာသင်တန်းကျောင်းမှ ဆရာမ ဒေါ်မော်လီက စာတွေ့ လက်တွေ့ လေ့ကျင့်သင်ကြားပေးခဲ့ကာ ဒေသခံအမျိုးသမီး သင်တန်းသူ ၂၀ တက်ရောက်ကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**



## စင်မြင့်ပေါ်မှ ချော်ကျခဲ့တဲ့ G-Dragon ထိခိုက်ဒဏ်ရာမရ

